# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (10-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် မတ် ၉**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူ ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်အရာထမ်း၊ အမှုထမ်းများ၊တိုင်းဒေသကြီး၊ ပြည်နယ် သာသနာ ရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူပြီး အခမ်း အနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော် ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇေက ဆောင် ရွက်တော်မူသည်။

**စာမျက်နှာ ၁၈ ကော်လံ ၁ ☞**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း။ ငွေလွှဲခြင်း။ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း။လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း။ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Gift Card ပေးခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။



ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၁၀ ရက်
အယ်ဒီတာ့အာဘော်

# ရာသီမိန်ငယ် ဂိမှာန်ရက်ပြောင်း နွေဦးတပေါင်း

တပေါင်းလသည် မြန်မာလများတွင် ဆယ့်နှစ်လမြောက်ဖြစ်၍ တစ်နှစ်တာကာလ၏ နောက်ဆုံးလဖြစ်သည်။ တပေါင်းလ၏ ပထမလဝက်သည် ဆောင်းကာလသို့ ကျရောက်၍ ဒုတိယလဝက်သည် နွေကာလတွင် ရောက်ရှိနေသဖြင့် နေ့ပူလို့ညချမ်း တပေါင်းလသရမ်းဟု ရှေးမြန်မာများက ဆိုထုံးပြုခဲ့ကြသည်။

တပေါင်းလ၏ ရာသီပန်းကို သရဖီပန်းဟု မှတ်သားရသည်။ တပေါင်းလသည် ပြီးခဲ့သည့်တပို့တွဲနှင့် နောက်လာမည့် တန်ခူးတို့နည်းတူ ထန်းလုပ်ငန်းနှင့် သက်ဆိုင်သော အမည်ဖြစ်သည်။ ထန်းပင်မှ ထန်းပို့၊ ထန်းနို့များ တွဲကျသောလကို တပို့တွဲ၊ ထန်းနို့များမှ ထန်းရည်ကို အိုးဖြင့်ခံပြီး ထန်းလျက်ချက်ရ၊ ပေါင်းရသောလဖြစ်၍ တပေါင်း၊ သီးလာသောထန်းသီးများကို ခူးဆွတ်သောလဖြစ်၍ တန်ခူးဟုခေါ်ကြောင်း ပညာရှင်များပြောကြားကြသည်။

တပေါင်းလ၏ ရာသီပွဲတော်မှာ သဲပုံစေတီပွဲဖြစ်သည်။ မြစ်နား၊ ချောင်းနားတွင် သဲပုံစေတီများ ယာယီတည်ကာ တံခွန်ကုက္ကားများ၊ ပန်းများလှူဒါန်းပူဇော်ကြလေ့ရှိသည်။ သဲပုံစေတီပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့ အစဉ်အဆက်ကျင်းပပူဇော်လေ့ရှိသည့် ဘာသာရေးနှင့် နွယ်သည့် မြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာစတင်ထွန်းကားလာချိန်ကပင်ရှိခဲ့သော ပွဲတော်ဖြစ်သည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်း သဲခုံတွင် စွယ်တော်မြတ်ကို ဌာပနာတည်၍ စေတီတော်ကြီးတစ်ဆူ တည်ထားခဲ့သည်။ ထိုစေတီတော်ကြီးမှာ သဲခုံပေါ်တွင် တည်ထားသဖြင့် ရွှေစည်းခုံစေတီဟု ဘွဲ့တော်သတ်မှတ်ခဲ့ရာ ယနေ့တိုင် အထင်အရှားတည်ရှိနေပါသည်။ တပေါင်းလတွင် သဲပုံစေတီများ တည်ထားပူဇော်ကြသကဲ့သို့ မြန်ပြည်တစ်ဝန်းရှိ တန်ခိုးကြီးဘုရားစေတီများ၏ ဘုရားပွဲတော်များကိုလည်း ကျင်းပလေ့ရှိသည်။

ရာသီမိန်ငယ်၊ ဂိမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့် ဆိုသည့်အတိုင်း တပေါင်းလသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသောလဖြစ်သဖြင့် အလွန်သာယာလှပသောလဖြစ်သည်။ တပေါင်းလ၏ သာယာလှပကြည်လင်သော ရာသီဥတုအခြေအနေများကြောင့် မြတ်စွာဘုရားကို ကပိလဝတ်ပြည် ခမည်းတော်ရှိရာသို့ ပြည်တော်ပြန်ဝင်စံရန် ကြွတော်မူလာအောင် ဖွားဖက်တော် ကာဠုဒါယီမထေရ်က ပါဠိဂါထာ ၆၄ ပုဒ်ဖြင့် ပင့်လျှောက်တော်မူခဲ့သည်။ ထိုဂါထာများကို မြန်မာမှုပြုသော ဂါထာချောက်ဆယ်ပျို့တွင် တပေါင်းလ၏ သာယာပုံ အလှကွက်များ၊ တောတောင်ရေမြေအလှများကို စာပန်းချီခြယ်ထားသည်မှာ ချီးကျူးအတုယူဖွယ်ကောင်းလှပါသည်။

တပေါင်းလတွင် နိုင်ငံတော်ကကြီးမှူး၍ သာသနာ့အာဇာနည်ရဟန်းတော်များနှင့် ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းလေ့ရှိသည်မှာလည်း ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာတစ်ခုဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ သမိုင်းဝင်အထင်ကရ နေ့ထူးနေ့မြတ်ဖြစ်သည့် နိုင်ငံ၏လွတ်လပ်ရေးကြိုးပမ်းမှု၊ ဒို့တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်ခဲ့မှု၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုဆိုင်ရာ သမိုင်းကြောင်းများနှင့် ယှဉ်တွဲပေါ်ပေါက်လာခဲ့သော မြန်မာ့တပ်မတော်၏ ဂုဏ်ယူဖွယ် တပ်မတော်နေ့သည်လည်း တပေါင်းလထဲ၌ပင် ခမ်းနားသိုက်မြိုက်ဝင့်ထည်စွာ ကျင်းပလေ့ရှိပါသည်။ ထို့ကြောင့် ခါနွေဆန်းစ တပေါင်းလသည် သဘာဝအလှသာမက၊ ဘာသာရေးအထိမ်းအမှတ်ပွဲများဖြင့် ခမ္မအလှ၊ သမိုင်းဂုဏ်ရောင်ထွန်းလင်းပြောင်သည့် တပ်မတော်နေ့ကျင်းပရာ အင်အားအလှတို့ဖြင့် ပြည့်စုံသော အလှစုံသည့် လထူးလမြတ်ဖြစ်ပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၄၅၀၇၄၅ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို ဒီနေ့မှာဆိုရင် နယ်စုံက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဒီနေ့ဟာ ဥပုသ်နေ့ဖြစ်တာကြောင့် ဘုရားဖူးဦးရေ တိုးပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်လေ့လာကြည့်ရှုကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေ ကြည့်ရှုနေကြတာကို တွေ့ရပါတယ်။ အမှတ်တရ ပစ္စည်းရောင်းချတဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၂၆၅၉ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၄၄၅၅၈၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၅၀၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# ဧရာဝတီမြစ်ရေလမ်းကြောင်း မြင်းမူမြို့နှင့် မြင်းခြံမြို့ အနီးတွင် ရေကြောင်းကျဉ်းတည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များသတိပြုသွားလာရန်လိုဟုဆို

**မန္တလေး မတ် ၉**

ဧရာဝတီမြစ်ရေလမ်းကြောင်း မြင်းမူမြို့နှင့် မြင်းခြံမြို့အနီးတွင် ရေကြောင်းကျဉ်းတည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာကြရန်လိုအပ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သောကြောင့် ရေကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အခုလတ်တလော ဧရာဝတီမြစ်အတွင်း မြင်းခြံမြို့နှင့် မြင်းမူမြို့အနီးတစ်ဝိုက်တွင် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်းပြောင်းလဲမှုများဖြစ်ပေါ်ကာ ရေကြောင်းကျဉ်းတည်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မြင်းခြံမြို့နှင့် မြင်းမူမြို့ ရေလမ်းကြောင်းတစ်လျှောက်သွားလာကြမည့် ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များအနေဖြင့် ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားများနှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"အခုလတ်တလော မြင်းခြံနဲ့ မြင်းမူမြို့အနီးတစ်ဝိုက်မှာ ရေလမ်းကြောင်းကျဉ်းတည်းတယ်ဆိုပေမဲ့ ဆိုးဆိုးရွားရွားဖြစ်တာတော့ မရှိသေးပါဘူး။ ဒါပေမဲ့ မန္တလေးဆိပ်ကမ်းကနေ မြင်းခြံနဲ့မြင်းမူရေလမ်းကြောင်းအတိုင်းသွားကြမဲ့ခရီးသည်တင်ရေယာဉ်တွေနဲ့ ကုန်တင်ရေယာဉ်တွေ သောင်တင်မှုမဖြစ်ပေါ်စေဖို့အထူးသတိပြုသွားလာကြဖို့လိုအပ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီးက ရေနည်းချိန်ကာလအတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ထုတ်ပြန်ထားသည့် ရေစူးကန့်သတ်ချက်များမှာ ဧရာဝတီမြစ်ရေလမ်းကြောင်း ဟင်္သာတမှ ပြည်ထိ ငါးပေခြောက်လက်မ၊ ပြည်မှ မန္တလေးထိ ငါးပေ၊ မန္တလေးမှ ကသာထိ လေးပေ၊ ကသာမှ ဗန်းမော်ထိ သုံးပေကိုးလက်မနှင့် ဆင်ဘိုမှ မြစ်ကြီးနားထိ နှစ်ပေခြောက်လက်မ သတ်မှတ်ထားကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် မြင်းမူနှင့် ညောင်ပင်ဝန်းဒေသမှ ဝင်ရောက်လာသည့် သခွားသီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် မြင်းမူဒေသနှင့် ညောင်ပင်ဝန်းဒေသမှထွက်ရှိသည့် သခွားသီးများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံ ပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

မြင်းမူဒေသနှင့်ညောင်ပင်ဝန်းဒေသမှဝင်ရောက်လာသည့် သခွားသီးများသည် လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန် ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သခွားသီးဈေးနှုန်းများမှာ အလုံးရေ ၈၀ နှင့် ၁၀၀ ကြား ဝင် တစ်အိတ်လျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၅၀၀၀ မှ ၂၆၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ သခွားသီးက မြင်းမူဒေသနဲ့ ညောင်ပင်ဝန်းဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ်ကြည့်ပြီး အဆက်မပြတ် စိုက်ပျိုးကြပါတယ်။ ဈေးကိုတော့ ပုံမှန် တစ်ရက်ကို ကား ငါးစီး၊ ခြောက်စီး ဝင်ပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှု မရှိသေးပါဘူး"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် သခွားသီးများ အရောင်းအဝယ် ကောင်းနေသည့်အပြင် အာလူး၊ မုန်ညင်းဖြူ၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ရွှေမိုးမြေကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး မတ် ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေမိုးမြေကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၅၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွှေမိုးမြေကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦး၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၆၇ ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့၊ လမ်း ၈၀၊ ၃၉ လမ်း-လမ်း ၄၀ ကြား ဦးမောင်မောင်သိန်း-ဒေါ်စိမ်းစိမ်းသား-မောင်ဝေယံလွန်း မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၉၉၅၄ ဦး လာရောက်လည်ပတ်ခဲ့



**ပုသိမ် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၉၉၅၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ဇန်နဝါရီလအတွင်းက ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၈၅၅၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၉၉၅၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားအပန်းဖြေသူတွေ များခဲ့ပါတယ်။ ခရီးသွားဧည့်သည် ၂၉၉၅၄ ယောက် လာရောက်ခဲ့ပါတယ်။ လာတဲ့ဧည့်သည်တွေက နေ့ချင်းပြန်လာတဲ့ ဧည့်သည်များတယ်။ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေ ပိုများခဲ့ပါတယ်။ အခု ပွင့်လင်းရာသီရောက်လာပြီဖြစ်လို့ လာမဲ့ ဧပြီလနဲ့ သင်္ကြန်ကာလနှစ်သစ်ကူးရုံးပိတ်ရက်တွေမှာ ခရီးသွားဧည့်သည်တွေ ပိုမိုလာရောက်ဖို့ မျှော်မှန်းထားပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ရွှေသောင်ယံကမ်းခြေကို လာတဲ့ ခရီးသွားဧည့်သည်တွေထဲမှာ ပြည်တွင်းဧည့်သည်တွေအပြင် ပြည်ပခရီးသွားဧည့်သည်တွေပါ လာရောက်လည်ပတ်ခဲ့ပါတယ်"ဟု ရွှေသောင်ယံကမ်းခြေ ခရီးသွားလုပ်ငန်းအသင်း ခရီးသွားတာဝန်ခံ ဒေါ်ချယ်ရီမြင့်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေတွင် ရွှေသောင်ယံဟိုတယ်နှင့် Lai Lai ဟိုတယ်များအပါအဝင် ဟိုတယ်နှင့် တည်းခိုရိပ်သာအလုံးရေ စုစုပေါင်း ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာရောက်လည်ပတ်သည့်ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ကမ်းခြေတွင် ပင်လယ်စာအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းအမျိုးမျိုး ရောင်းချခြင်း၊ စက်ဘီးငှားခြင်း၊ မော်တော်ဘုတ်ငှားခြင်း၊ မြင်းဖြင့် ကမ်းခြေရှုခင်းများ လှည့်လည်ကြည့်ရှုနိုင်ခြင်း စသည်တို့ဖြင့်လည်း ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဇေယျာသီရိမြို့နယ် သာယာဝှမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျည်တောင်ကျေးရွာအုပ်စု သာယာဝှမ်းကျေးရွာ၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို မတ် ၈ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သာယာဝှမ်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူသုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၁ ဒသမ ၃၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **နော်လူး**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ချောင်းဦး မတ် ၉**


စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၁၃၈ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၁၁၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ၇၁၃၈ ဧက စိုက်ပျိုးဖို့လျာထားတာ ဒီနေ့ထိ ၇၁၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက် ၇၁၁၁ ဧကမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးနေပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာတွေ ပေးပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်

ချောင်းဦးမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်ဧကများ တိုးချဲ့စိုက်ပျိုးလာရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



မျိုးသူ(ကုန်သွယ်မြှင့်)

# ဖောက်သည်များကို မည်သို့ထိန်းသိမ်းထားမည်နည်း

> ❖ ဖောက်သည်များဆိုသည်မှာ မိမိဆိုင်တွင် မကြာခဏဝယ်ယူလေ့ရှိသောသူများဖြစ်ကြသည်။ ထိုသူများနှင့် ရင်းနှီးပြီးသားဖြစ်နေရန်လိုအပ်သည်။ ထိုသူတို့ မည်သည့်ကုန်ကို ဝယ်လေ့ရှိသည်၊ မည်မျှဝယ်ယူတတ်သည် စသည်တို့ကိုနားလည်သဘောပေါက်နေရန် လိုအပ်သည်။ ဖောက်သည်များလာလျှင် ဆိုင်တွင်ပင် ဧည့်ခံကျွေးမွေးခြင်း၊ အခြားသူများထက် ဈေးလျှော့ပေးခြင်း၊ ဈေးမလျှော့နိုင်လျှင်ပင် အခြားသူများထက်သာအောင် ဆောင်ရွက်ပေးခြင်း စသည်တို့ကိုပြုလုပ်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် သူတို့လိုအင်ဆန္ဒကိုကြိုမြင်ပြီး ခန့်မှန်းနိုင်ရန်လိုအပ်သည်။ ❖

**ကြိုက်အောင်လုပ်ပါ**

မည်သည့်ပစ္စည်းကို ရောင်းသည်ဖြစ်စေ Customer Satisfaction ဟူသည့် ဖောက်သည်စားသုံးသူများ ကြိုက်နှစ်သက်ရန်က အရေးအကြီးဆုံးဖြစ်သည်။ ဖောက်သည်များကြိုက်နှစ်သက်ပြီဆိုလျှင် နောက်ထပ်ဖောက်သည်များတိုးပွားလာစေရန် ဝယ်ယူသူအချင်းချင်းကပင် ဆောင်ရွက်ပေးတတ်သည်။ မည်သည့်ကုန်ပစ္စည်းမဆို ကြိုက်နှစ်သက်အောင် ဆောင်ရွက်နိုင်ပါက ဖောက်သည်များတိုးတက်လာပြီး ရောင်းချရမှုတိုးတက်လာမည်သာဖြစ်သည်။ ရောင်းသူထံမှ ကုန်ပစ္စည်းတစ်ခုကို တစ်ကြိမ်တစ်ခါဝယ်ဖူးရုံမျှဖြင့် ဖောက်သည်အဆင့်ရောက်မလာနိုင်သေးပါ။ အခါခါဝယ်ယူသည့် ပုဂ္ဂိုလ်ကိုသာ ဖောက်သည်ဟုခေါ်ဆိုရမည်ဖြစ်သည်။ ထို့ပြင် မိမိ၏ ကုန်ပစ္စည်းအရည်အသွေးကို စွဲလမ်းနေသည်ထိ ကြိုက်နှစ်သက်ပြီး မည်သည့်အခြေအနေမျိုးတွင်မဆို ရအောင်ဝယ်ယူသုံးစွဲတတ်သည့် သစ္စာရှိဖောက်သည်များ အများအပြားရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ဝယ်ယူသူများသည် မျှော်လင့်ချက်နှင့်ကိုက်ညီသည့်အခါမှ ကျေနပ်နှစ်သက်မှုကို ဖြစ်စေသည်။ ထို့ကြောင့် ရောင်းချမည့်သူဘက်က ဝယ်ယူသူအတွက် လျင်မြန်စွာဆောင်ရွက်ပေးနိုင်မှု၊ သက်သောင့်သက်သာဖြစ်အောင်ဆောင်ရွက်ပေးနိုင်မှု၊ ဝယ်သူတစ်ဦးချင်းကို ကျေနပ်နှစ်သက်အောင် ဆောင်ရွက်ပေးနိုင်မှုနှင့် စေတနာထားဆောင်ရွက်ပေးမှုများကို ပြုလုပ်ခြင်းဖြင့် ဝယ်သူ၏ကြိုက်နှစ်သက်မှုကို ရရှိနိုင်သည်။ ဝယ်ယူသူအမျိုးမျိုးရှိသော်လည်း မကြာခဏဝယ်ယူလေ့ရှိသောဖောက်သည်များသည် မိမိဆိုင်၏ အရေးအကြီးဆုံးပုဂ္ဂိုလ်များအဖြစ် သဘောထားဆက်ဆံပြီး ၎င်းတို့၏ စိတ်ကျေနပ်မှုရရှိအောင် အစဉ်အမြဲကြိုးစားနေရန်လိုအပ်သည်။ ဖောက်သည်များ ကြိုက်နှစ်သက်အောင် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းအမျိုးမျိုးရှိသော်လည်း အနည်းငယ်ကို ရွေးချယ်တင်ပြလိုပါသည်။

**ဖောက်သည်များ၏သဘောထားကို ကောင်းစွာနားလည်ခြင်း**

ဖောက်သည်များဆိုသည်မှာ မိမိဆိုင်တွင် မကြာခဏဝယ်ယူလေ့ရှိသောသူများဖြစ်ကြသည်။ ထိုသူများနှင့် ရင်းနှီးပြီးသားဖြစ်နေရန်လိုအပ်သည်။ ထိုသူတို့ မည်သည့်ကုန်ကို ဝယ်လေ့ရှိသည်၊ မည်မျှဝယ်ယူတတ်သည် စသည်တို့ကို နားလည်သဘောပေါက်နေရန် လိုအပ်သည်။ ဖောက်သည်များလာလျှင် ဆိုင်တွင်ပင် ဧည့်ခံကျွေးမွေးခြင်း၊ အခြားသူများထက် ဈေးလျှော့ပေးခြင်း၊ ဈေးမလျှော့နိုင်လျှင်ပင် အခြားသူများထက်သာအောင် ဆောင်ရွက်ပေးခြင်း စသည်တို့ကိုပြုလုပ်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် သူတို့လိုအင်ဆန္ဒကိုကြိုမြင်ပြီး ခန့်မှန်းနိုင်ရန်လိုအပ်သည်။ လက်ဖက်ရည်ဆိုင်များတွင် သောက်နေကျဖောက်သည်များကို စားပွဲထိုးများက ကောင်းစွာမှတ်မိနေတတ်ပြီး သောက်မည့်လက်ဖက်ရည် ချို၊ ဖန်၊ ဆိမ့် စသည်ကို မပြောရဘဲ မှာပေးနိုင်ခြင်းများသည် ဖောက်သည်ကို ပိုမိုစွဲမြဲစေသည်။ အလားတူပင် အထည်ဆိုင်တစ်ဆိုင်တွင် ပြန်ရောင်းမည့်ဖောက်သည်ကို မည်သည့်အထည်က အရောင်းအဝယ်သွက်သည်၊ မည်သည့်အထည်မျိုးက အမြတ်ပိုကျန်သည် စသည်ဖြင့် ကုန်ပစ္စည်း၏လျှို့ဝှက်ချက်များကိုပြောပြလျှင် ဖောက်သည်များက နှစ်သက်တတ်သည်။ ဖောက်သည်များ မိမိဆိုင်တွင် ဝယ်ယူသည့်သက်တမ်းကြာရှည်မှုကိုလိုက်၍လည်း ၎င်းတို့၏ အကြိုက်များကို လိုက်ပါဆောင်ရွက်နိုင်လာမည်ဖြစ်ပြီး ဖောက်သည်သက်တမ်း ပိုမိုရှည်ကြာစေမည့် လူမှုရေးဆက်နွှယ်မှုများ၊ လူမှုရေးဦးစားပေးမှုများကို ဆောင်ရွက်ပေးနိုင်ရန် လိုအပ်သည်။

**ဖောက်သည်ဗဟိုပြုသည့် ယဉ်ကျေးမှုမျိုးဖန်တီးပေးခြင်း**

ဖောက်သည်ဗဟိုပြုသည့်ယဉ်ကျေးမှုကို အထူးသဖြင့် ဆိုင်၏လုပ်သားများနှင့် ဝန်ထမ်းများကို လေ့ကျင့်ပေးရန်လိုအပ်သည်။ ဆိုင်မှ အရောင်းစာရေးများသည် ဆိုင်သို့လာရောက်သော ဈေးဝယ်များနှင့် ဦးစွာထိတွေ့ဆက်ဆံရသူများဖြစ်သည်နှင့်အညီ ၎င်းတို့ကို ဖောက်သည်ဗဟိုပြုယဉ်ကျေးမှုနားလည်အောင်နှင့် အလေ့အကျင့်ဖြစ်စေရန် သင်ကြားပေးရန်လိုအပ်သည်။ ဆိုင်တံခါးကိုဖွင့်ပြီး ကြိုဆိုခြင်းမှစ၍လည်းကောင်း၊ ဖောက်သည်ရောက်သည်နှင့်တစ်ပြိုင်နက် ရေသန့်ရေအေးများ တိုက်ခြင်းကစ၍လည်းကောင်း၊ ချိုသာစွာနှုတ်ခွန်းဆက်ခြင်းဖြင့်လည်းကောင်း၊ အမည်နာမကိုခေါ်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြိုဆိုခြင်းမျိုးကိုလည်းကောင်း ပြုလုပ်လေ့ရှိကြသည်။ ထိုသို့ ကြိုဆိုမှုမျိုးအပြင် ဖောက်သည်က ပြောကြားသည့်အချက်များကို အလေးထား၍ဆောင်ရွက်ပေးခြင်း၊ မေးမြန်းသည်များကို စိတ်ရှည်လက်ရှည်ဖြေကြားပေးခြင်း၊ ဖောက်သည်ကို သေချာစွာကြည့်၍ဖြေကြားခြင်း၊ ရိုသေလေးစားသည့်အမူအရာအပြည့်ဖြင့် ဆက်ဆံခြင်းများလည်းပြုလုပ်ရမည်။ အချို့သောကိစ္စများသည် အသေးအဖွဲများသာဖြစ်သည်ဟုဆိုသော်လည်း ဖောက်သည်နှင့် မိမိကြားတွင် ဆက်ဆံရေးပျက်ပြားစရာဖြစ်တတ်သဖြင့် ဖောက်သည်ဗဟိုပြုယဉ်ကျေးမှုဆိုသည့်အတိုင်း ဖောက်သည်ကိုလေးလေးစားစားနှင့် ဆက်ဆံခြင်းမျိုး အလေ့အကျင့်ထုံသည်ထိ ကျင့်ထားရမည်ဖြစ်သည်။

**ဖောက်သည်ဆန္ဒရှိနိုင်သည့်အချက်များနှင့် အနီးဆုံးဖြစ်အောင် ကြိုးစားပေးခြင်း**

ဖောက်သည်တစ်ဦးက အရောင်နှင့်ပတ်သက်၍ အရေးတကြီးထားတတ်သည့် အရောင်မျိုးရှိတတ်သည်။ ထိုကဲ့သို့ အချက်မျိုးကို မိမိနှင့် ဆိုင်အရောင်းစာရေးများက သိထားရန်လိုအပ်သည်။ အမှတ်တမဲ့ဖြင့် ဖောက်သည်မကြိုက်နှစ်သက်သော အရောင်မျိုးကို ထည့်သွင်းပေးမိပါက ဖောက်သည်၏ငြိုငြင်မှုကို ခံရမည်ဖြစ်ပြီး ကျေနပ်အောင်တောင်းပန်နိုင်ခြင်းမရှိပါက မိတ်ပျက်ရမည်ဖြစ်သည်။ ထို့ကြောင့် ဖောက်သည်များ ဆန္ဒရှိသည်နှင့် အနီးစပ်ဆုံးဖြစ်အောင် ကြိုတင်တွေးတောနိုင်ရမည်ဖြစ်သကဲ့သို့ ဖောက်သည်က ဖော်ထုတ်ပြောကြားလာသောအချက်များကိုလည်း မရရအောင်၊ အနီးစပ်ဆုံးဖြစ်အောင် ဖန်တီးပေးနိုင်ရန်လိုအပ်သည်။

**ကိုယ်ချင်းစာတရား၊ စာနာမှုများဖြင့် အစဉ်အမြဲရောင်းချခြင်း**

ဝယ်ယူသူတိုင်းသည် ဦးစားပေးခံလိုကြသည်။ ရောင်းသူတိုင်းက ဝယ်ယူသူအားလုံးကို ဦးစားပေးကြောင်းအသိပေးထားရန်နှင့် ဦးစားပေးမှုကိုမည်သို့ပြုလုပ်ပေးသည်ကို ကျေနပ်လက်ခံအောင် ရှင်းပြနိုင်ရမည်ဖြစ်သည်။ ထို့ပြင် ဝယ်ယူသူတိုင်း၏လိုအင်ဆန္ဒမှာ "မြန်၊ ကောင်း၊ သက်သာ"ဖြစ်သဖြင့် ဝယ်ယူသူထံမှ မှာကြားချက်ရသည်နှင့်တစ်ပြိုင်နက် အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးနိုင်ရမည်။ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးရမည်။ ဈေးအသက်သာဆုံးဖြစ်အောင် ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးစားရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ပေးရာတွင် ဝယ်ယူသူဘက်မှ တွေး၍ ကိုယ်ချင်းစာစိတ်၊ စာနာစိတ်များဖြင့် ရောင်းချပေးနိုင်ရန် လိုအပ်သည်။

**ရောင်းချသည့်ပစ္စည်းနှင့်ပတ်သက်ပြီး ဝယ်ယူသူ၏ အမြင်နှင့် အကြံဉာဏ်ကို အမြဲတောင်းခံခြင်း**

ဈေးရောင်းသူကိုသင်ပေးသူမှာ ဝယ်ယူသူများဖြစ်သည်ဟု ဆိုတတ်ကြသည်။ ကုန်စုံဆိုင်တစ်ဆိုင်သည် ဖွင့်ခါစတွင် ကုန်မျိုးစုံအောင်တင်၍ ရောင်းချနိုင်ခြင်းမရှိတတ်ပါ။ လာရောက်ဝယ်ယူသူများ၏ ဝယ်ယူလိုသောပစ္စည်းကို မေးမြန်းသည့်အခါ မှတ်သားထားကာ အမေးများပြီး မိမိဆိုင်တွင် မရှိသေးသောပစ္စည်းများကို ဖြည့်၍ တင်ရောင်းရာမှ ကာလတစ်ခုတွင် ကုန်မျိုးစုံအောင် ရောင်းချနိုင်သောဆိုင်ဖြစ်လာသည်။ ထို့အတူပင် မိမိရောင်းချသည့် ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် အရည်အသွေး၊ အလေးချိန် ပြည့်၊ မပြည့် စသည့်အချက်များကို ဝယ်ယူသူများ၏အမြင်၊ သဘောထား၊ ကြိုက်နှစ်သက်မှုနှင့် သူတို့၏အကြံပေးချက်များကို အစဉ်အမြဲမေးမြန်းမှတ်သားပြီး ပြုပြင်ဆောင်ရွက်နေရန် လိုအပ်သည်။ ဝယ်ယူသူ၏အမြင်နှင့်အကြံပေးချက်များအတိုင်း လိုက်ပါဆောင်ရွက်ပေးခြင်းကို အစဉ်ဂရုတစိုက်ဆောင်ရွက်ပေးနေရန်လိုအပ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အများအတွက် အကောင်းဆုံးဆောင်ရွက်ပေးနိုင်သည့်အခြေအနေမျိုးကို ဖန်တီးနိုင်လာမည်ဖြစ်သည်။

**အထောက်အကူပြုအဖွဲ့ထားရှိပြီး ဖောက်သည်လိုအပ်ချက်များကို သိအောင်လုပ်ခြင်း**

မိမိဆိုင်၏ ရောင်းအားပမာဏများပြားလာသည်နှင့်အမျှ ဆိုင်၏ဝန်ထမ်းများသည် ကိုယ့်အလုပ်နှင့်ကိုယ် မအားလပ်အောင်ဖြစ်လာသဖြင့် ဖောက်သည်လိုအပ်ချက်များကို သိအောင်ပြုလုပ်ရာတွင် အချိန်ပေးနိုင်ရန် ခက်လာတတ်သည်။ ထို့ကြောင့် အချိန်ပိုင်းဖြစ်စေ အထောက်အကူပြုအဖွဲ့များထားရှိပြီး ဖောက်သည်၏ လိုအပ်ချက်နှင့်လိုအင်ဆန္ဒများကို သိရှိအောင်လုပ်ကိုင်ထားသင့်သည်။ သို့မှသာ မိမိဆိုင်တွင် မည်သည့်လိုအပ်ချက်များရှိပြီး မိမိတို့၏ရောင်းချလိုသည့်ပစ္စည်းနှင့် ဖောက်သည်ဝယ်ယူလိုသောပစ္စည်းတို့ကိုက်ညီမှုရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သိရှိအောင်လုပ်ထားရုံသာမက ဖောက်သည်များ၊ ဝယ်ယူသူများ၏အမြင်များကို ပြန်လည်ဖြေရှင်းပေးရန်လည်း လိုအပ်သည်။ သိပြီးလျှင် ဖောက်သည်များ၏ အမြင်များနှင့်ဝေဖန်မှုများကို ပြန်လည်ရှင်းလင်းပေးနိုင်ရန် လိုအပ်သည်။ ဖောက်သည်များဘက်မှ လွဲမှားသောအမြင်မျိုးရှိသည့်အခါ ကောင်းစွာရှင်းလင်းပြရန်နှင့် ယဉ်ကျေးပျူငှာစွာ ပြန်လည်ဖြေရှင်းပေးနိုင်ရန် များစွာအရေးကြီးသည်။

**မည်သည့်ကိစ္စကိုဖြစ်စေ လျင်မြန်စွာတုံ့ပြန်ပြီး ချက်ချင်းဖြေကြားပေးခြင်း**

ဤအချက်မှာ အမှတ်တမဲ့ကြည့်လျှင် အသေးအဖွဲကိစ္စတစ်ခုဟု ထင်မြင်ရန်ရှိသည်။ သို့သော်လည်း ဖောက်သည်တိုင်းသည် ၎င်းတို့၏ တောင်းဆိုချက်၊ မေးမြန်းချက်များကို လျင်မြန်စွာတုံ့ပြန်မှုရရန် မျှော်လင့်ကြသည်သာဖြစ်သည်။ ထို့ကြောင့် ချက်ချင်းဖြေကြားခြင်း၊ လေးလေးစားစားနှင့် လျင်မြန်စွာတုံ့ပြန်ခြင်းမျိုးကို မဖြစ်မနေပြုလုပ်ပေးရမည်ဖြစ်သည်။ ဝယ်သူပြောသမျှကို ကောင်းစွာနားထောင်သည့်အလေ့အထကို မွေးမြူထားရန်လည်းလိုအပ်သည်။ ရောင်းချသည့်အရောင်းစာရေးများသည် ကောင်းစွာနားထောင်သည့်အလေ့အထကို မဖြစ်မနေမွေးမြူထားရန်လိုအပ်သည်။ ဝယ်ယူသူများပြားသည့်အချိန်မျိုးတွင် အရောင်းစာရေးများသည် သေချာစွာနားထောင်သည့်အလုပ်ကို မလုပ်ခြင်းမျိုးတွေ့နိုင်သည်။ အရောင်းစာရေးများသည် မည်မျှအလုပ်များသည်ဖြစ်စေ ဝယ်ယူသူမေးမြန်းပြောဆိုသည်ကို တစ်ဦးချင်း ဂရုတစိုက်နားထောင်ဆောင်ရွက်ပေးရန်လိုအပ်သည်။ ဤအချက်သည် ဝယ်ယူသူကို ကျေနပ်မှုများစွာတိုးပွားစေသည်။

**ဝယ်သူကို အထောက်အပံ့ဖြစ်စေသည့်အပြုအမူမျိုးပြုမူပါ**

ကုန်ပစ္စည်းတစ်ခုကို ရောင်းချသည့်အခါ မိမိအတွက် အကျိုးအမြတ်ကျန်ရုံသာမစဉ်းစားဘဲ မိမိထံမှ ဝယ်ယူသူ၊ မိမိထံမှဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချသူများအတွက်လည်း အကျိုးအမြတ်ရှိစေရန် ထည့်သွင်းစဉ်းစားထားရန် လိုအပ်သည်။ ထို့ပြင် ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူသူက ကျေကျေနပ်နပ်ဝယ်ယူသည့်တိုင်အောင် အဆိုပါကုန်ပစ္စည်းတွင် အားနည်းချက်ရှိနေလျှင် သေချာစွာရှင်းပြခြင်းမျိုးပြုလုပ်ပေးခြင်းဖြင့် ဝယ်ယူသူကို အထောက်အပံ့ရရှိစေသည်။ ထို့ပြင် မိမိဆိုင်တွင်တင်ထားသော ကုန်ပစ္စည်းအမျိုးတူ၊ Brand မတူသည့်မျိုးကို ရောင်းချသည့်အခါတွင်လည်း ထိုကုန်များ၏ အားသာချက်၊ အားနည်းချက်များကို ထည့်သွင်းရှင်းပြခြင်းဖြင့် ဝယ်ယူသူကိုအထောက်အပံ့ပေးနိုင်သည်။ ထိုကဲ့သို့ အထောက်အပံ့ဖြစ်စေသည့် အပြုအမူမျိုးကို ဝယ်ယူသူများက ကြိုက်နှစ်သက်လေ့ရှိပြီး နောင်တွင် ဖောက်သည်များဖြစ်လာမည်ဖြစ်သည်။

**ရေရှည်ဝယ်ယူသည့်ဖောက်သည်များအတွက် သီးသန့်အစီအစဉ်များကို ဖန်တီးပေးထားခြင်း**

ရောင်းချသူအများစုသည် ရေရှည်ဝယ်ယူသည့် ဖောက်သည်များ၏ အရေးပါပုံကို သိရှိကြသည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် ဖောက်သည်များကို ဆုံးရှုံးရသည်များလည်း ကြုံတွေ့ရမည်ဖြစ်သည်။ ထိုသို့ဆုံးရှုံးမှုမျိုး မကြုံတွေ့ရစေရန် ဖောက်သည်များအတွက် သီးသန့်ဖန်တီးပေးထားသည့်အစီအစဉ်များကိုလည်း ဖန်တီးပေးထားရန်လိုအပ်သည်။ ဥပမာအားဖြင့် ရေရှည်ဝယ်ယူသည့်ဖောက်သည်များကို နှစ်စဉ် ဘုရားဖူးခရီးစီစဉ်ပေးခြင်း စသည့်အထူးအစီအစဉ်မျိုးကိုလည်းကောင်း၊ မွေးနေ့ပွဲစီစဉ်ပေးခြင်းမျိုးကိုလည်းကောင်း ဆောင်ရွက်ပေးခြင်းမျိုးဖြစ်သည်။ အထူးသီးသန့်အစီအစဉ်များတွင် ဖောက်သည်များ၏ ကိုယ်ရေးကိုယ်တာကိစ္စများကိုပါ အရေးတယူပြုလုပ်ပေးခြင်းမျိုးလည်း ပါဝင်မည်ဖြစ်သည်။ အချို့ဟိုတယ်များတွင် လာရောက်တည်းခိုသူများ၏ မွေးနေ့နှင့်တိုက်ဆိုင်နေသည့်အခါ မွေးနေ့ကိတ်နှင့်မွေးနေ့အထိမ်းအမှတ် ဆောင်ရွက်ပေးခြင်းမျိုးဖြစ်သည်။ ထို့ပြင် ဖောက်သည်၏ သားသမီးမင်္ဂလာဆောင်များကို သိရှိလျှင် လက်ဖွဲ့များပေးခြင်း၊ မိမိတို့ထုတ်ကုန်များကို လက်ဖွဲ့ပေးခြင်း စသည်တို့ဖြစ်သည်။ ဝယ်ယူသူများအတွက် ကိုယ်တိုင်ဆောင်ရွက်ရသည့်ကိစ္စမျိုးကိုဖန်တီးပေးခြင်းမျိုးသည်လည်း ဖောက်သည်များနှစ်သက်တတ်သည့်အချက်ဖြစ်သည်။ ဥပမာ- စတော်ဘယ်ရီရောင်းချရာတွင် ဖောက်သည်များကို အခင်းထဲထိဝင်၍ စိတ်ကြိုက်ခူးဆွတ်ခွင့်ပြုခြင်းမျိုးဖြစ်သည်။ မတော်တဆမှားယွင်းမှုများ၊ အဆင်မပြေမှုများဖြစ်လျှင် ရိုးသားစွာ

စာမျက်နှာ ၅ သို့ ➤

# ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၉၄၁၀ စိုက်ပျိုးပြီးစီး

**ကျုံပျော် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၉၄၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။



ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၉၄၁၀ ကို စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနေကြာကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျုံပျော်မြို့နယ်အတွင်း နေကြာ ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေကို လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေအပြင် အခြားလိုအပ်တာတွေကိုလဲ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံနေကြာများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတို့ကို စနစ်တကျသုံးစွဲတတ်စေရန်စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ရှင်းပြခြင်း၊ တုံ့ပြန်ခြင်း၊ တောင်းပန်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မသိသလိုနေခြင်း၊ အမှတ်တမဲ့နေခြင်းမျိုးသည် ဖောက်သည်များ၏ ယုံကြည်မှုကို ထိခိုက်စေသောအချက်များဖြစ်သည်။

**ဝယ်သူများကျေနပ်မှုရှိစေရန် အစဉ်အမြဲကြိုးစားလျက်ရှိကြောင်း သိပါစေ**

ဖောက်သည်များ၊ ဝယ်ယူသူများ ကျေနပ်မှုရှိစေရန်အတွက် အစဉ်အမြဲကြိုးစားနေရန်လိုအပ်သည်။ ထိုသို့ကြိုးစားနေသည်ကို ဖောက်သည်များနှင့် ဝယ်ယူသူများသိရှိနေအောင် ဆောင်ရွက်ပြနိုင်ရန်လည်း လိုအပ်သည်။ ဖောက်သည်များနှင့် ဝယ်ယူသူများသိရှိမှသာ ပိုမိုကောင်းမွန်အောင် ကြိုးစားနေသောဆိုင်နှင့် ထိုဆိုင်မှပစ္စည်းများကို ပိုမိုဝယ်ယူအားပေးလိုစိတ်မြင့်တက်လာမည်ဖြစ်သည်။ ထို့ပြင် မိမိဆိုင်နှင့်လုပ်ငန်း၏ နောင်ဆက်လက်ပြုလုပ်မည့်အစီအစဉ်များကို ရှင်းလင်းပြောဆိုထားခြင်း၊ ရှင်းပြခြင်းများကိုလည်း အခါအားလျော်စွာပြုလုပ်ပေးရန်လိုအပ်သည်။ မည်သည့်နည်းလမ်းများကို သုံးစွဲသည်ဖြစ်စေ ရောင်းသူသည် ရိုးသားမှုရှိရမည်၊ ဖောက်သည်များအပေါ် သစ္စာရှိရမည်ဆိုသည့်အချက်ကို အခြေခံထားပြီး ဆောင်ရွက်သွားခြင်းဖြင့် မိမိရောင်းကုန်ကို ဝယ်သူများကြိုက်နှစ်သက်အောင် ဆောင်ရွက်သွားရန်လိုအပ်သည်။ အခြားလုပ်ငန်းတူပြိုင်ဘက်များက မည်သို့ဆောင်ရွက်နေသည်ကို လေ့လာသုံးသပ်မှုပြုလုပ်ခြင်းများလည်း အစဉ်ဆောင်ရွက်နေရန်လိုအပ်သည်။

မည်သည့်နည်းလမ်းများဖြင့် ကြိုးပမ်းသည်ဖြစ်စေ သစ္စာရှိဖောက်သည်များ များပြားခြင်းသည် အခြားအချက်များထက် ပြိုင်ဘက်လုပ်ငန်းရှင်များအပေါ် အသာစီးယူနိုင်သောအချက်တစ်ခုဖြစ်သည်။ ထို့ကြောင့် ဖောက်သည်များကို ရေရှည်ဝယ်ယူသော ဖောက်သည်ကြီးများဖြစ်လာစေရန် အစဉ်ကြိုးစားနေရမည်ဖြစ်သည်။ ရောင်းရေးဝယ်တာအောင်မြင်ရေးသည် ဖောက်သည်များနှင့်လည်း သက်ဆိုင်နေသဖြင့် ရှိပြီးဖောက်သည်များကို ထိန်းသိမ်းထားနိုင်ရန်၊ မရှိသေးသောဖောက်သည်များကို ပိုမိုများပြားလာစေရန်နှင့် ဖောက်သည်များတစ်စတစ်စ ပိုမိုတိုးတက်လာစေရန်အတွက် အစဉ်လေ့လာဖော်ထုတ်ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## တို့ပြည်တို့ရွာ ကာကွယ်ပါစို့

- တို့များစုရုံး ငယ်တုန်းခါမယ်
သူငယ်ချင်းများ ကစားစစ်တိုက်တယ်
သေနတ်သံရယ် နှုတ်ဝယ်ဒိုင်းဒက်
ဝင့်ကြွားကာသာ သံစာစာ
ခါခါချစ်မက်သည်နှင့်လေး။

- ရုပ်ရှင်နှစ်သက် မပျက်ကြည့်ရာ
စစ်ကားတိုက်ပွဲ သည်းစွဲပါဝင်တာ
အောင်မြင်သည့်ခါ ရင်မှာနှစ်ထောင်း
ရန်သူများထွေ အောင်နိုင်စေ
မြဲပေဆုမွန်တောင်းသည်နှင့်လေး။

- တို့သမိုင်းကြောင်း ပြန်ပြောင်းကြည့်လျှင်
ကျော်စွာမင်းရဲ သူရဲကောင်းကိုမြင်
ဆယ့်သုံးနှစ်တွင် စစ်မြင်မငြင်း
ရွှေဓားကိုင်လွှယ် တိုက်ပွဲဝယ်
ကာကွယ်ရန်များခွင်းသည်နှင့်လေး။

- ရန်သူမြို့တွင်း ချင်းနင်းဝင်ချိန်
လုလင်ငယ်စွ အာဂသတ္တိရှိန်
ဓားဝင့်ကြိမ်ကြိမ် ရန်နှိမ်မရွံ့
တစ်ကိုယ်တည်းကွယ် ငထင်ငယ်
ရန်ပယ်မတွန့်သည်နှင့်လေး။

- မကြောက်မရွံ့ တိုက်ဝံ့သူတွေ
တို့လူငယ်တိုင်း သမိုင်းပုံသက်သေ
တိုင်းပြည့်ရန်ထွေ ကင်းစေဖို့မှန်း
စစ်ရေးဝန်တာ ကျေဖို့ရာ
ပေးလာမပျက်ထမ်းမည်တည့်လေး။

- စိတ်ဝမ်းညီညာ လူငယ်လုတို့သည်
ထိပ်တန်းပြည်ရွာ ကာကွယ်ကြစို့အတည်။ ။

**ရွှေလင်းမြေညွန့်ကိုကို**

# စဉ့်ကိုင်မြို့နယ် သင်္ဂတုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**စဉ့်ကိုင် မတ် ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကွန်ကရစ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့်ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

သင်္ဂတုံကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ၈၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစ်မ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄း၈သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံတကာ သတင်းများ

## ရုရှားအမျိုးသမီးများကို သမ္မတပူတင် ဂုဏ်ပြုစကားပြောကြား

**မော်စကို မတ် ၉**

ရုရှားသမ္မတပူတင်သည် နိုင်ငံတကာ အမျိုးသမီးများနေ့ဖြစ်သော မတ် ၈ရက်တွင် ရုရှားအမျိုးသမီးများကို ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ရုရှား အမျိုးသမီးများသည် နိုင်ငံ၏ ကလေးမွေးဖွားမှုနှုန်း မြှင့်တင်ရေးလှုပ်ရှားမှုအတွက် မိခင်ပီသမှု၊ အလှတရားနှင့် အိမ်ခြေတို့ကို ဖြည့်ဆည်းပေးနေသူများ ဖြစ်ကြကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

မတ် ၈ ရက် နိုင်ငံတကာ အမျိုးသမီးများနေ့သည် ဆိုဗီယက်ပြည်ထောင်စုခေတ်ကပင် ရုရှားနိုင်ငံ၌ ထင်ရှားသည့်အားလပ်ရက်ဖြစ်သည်။

ယနေ့ခေတ် ရုရှားနိုင်ငံ၌ မိသားစုဘဝ စိုပြည်သာယာရေးသည် မိမိတို့အတွက် ဦးစားပေးတာဝန်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က နိုင်ငံတကာအမျိုးသမီးများနေ့တွင် ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်သည် နိုင်ငံ၏လူဦးရေနှုန်းကို ထိန်းထားရေးအတွက် ကလေးမွေးဖွားမှုနှုန်းမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကလေးမွေးဖွားမှုနှုန်းကို မြှင့်တင်ရေးအတွက် ရုရှားမိသားစုများအနေဖြင့် ကလေးများယူကြရန် သမ္မတပူတင်က တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## မတ်လရွေးကောက်ပွဲသည် မိမိ၏နောက်ဆုံးရွေးကောက်ပွဲဖြစ်ကြောင်း တူကီယဲသမ္မတအာဒိုဂန် ပြောကြား




**အင်ကာရာ မတ် ၉**

ယခုနှစ် မတ် ၃၁ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲသည် မိမိ၏နောက်ဆုံးရွေးကောက်ပွဲဖြစ်လိမ့်မည်ဖြစ်ကြောင်း တူကီယဲသမ္မတတေယတ်ရီဆက်အာဒိုဂန်က မတ် ၈ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတ အာဒိုဂန်သည် တူကီယဲနိုင်ငံ၏ အအောင်မြင်ဆုံးနိုင်ငံရေးသမားဖြစ်ပြီး တူကီယဲနိုင်ငံကို နှစ်ပေါင်း ၂၀ ကျော်ကြာ ဦးဆောင်နိုင်ခဲ့သည်။

ထို့ပြင် အာဒိုဂန်သည် ၂၀၀၂ ခုနှစ်မှစ၍ ရွေးကောက်ပွဲပေါင်း ၁၂ခုကျော်တွင် အနိုင်ရခဲ့သူလည်းဖြစ်သည်။

၂၀၂၃ ခုနှစ် မေလတွင်ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲတွင်လည်း အာဒိုဂန်ပင်ထပ်မံအနိုင်ရခဲ့ပြီး ငါးနှစ်သက်တမ်းရှိသမ္မတရာထူးကို ဆက်လက်ရယူနိုင်ခဲ့သည်။

သို့သော် တူကီယဲဥပဒေများအရ လာမည့် မတ် ၃၁ ရက်တွင် ကျင်းပမည့် ဒေသန္တရရွေးကောက်ပွဲများသည် မိမိ၏နောက်ဆုံးရွေးကောက်ပွဲများ ဖြစ်ကြောင်း သမ္မတ အာဒိုဂန်က ထုတ်ဖော်ပြောကြားခဲ့သည်။

တူကီယဲသမ္မတ အာဒိုဂန်သည် ရာထူးမှအနားယူရေးနှင့်ပတ်သက်၍ မတ် ၇ ရက်တွင် ၂၀၀၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## မော်စကိုမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနိုင်သည်ဟု ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးသတိပေး

**မော်စကို မတ် ၉**

ရုရှားနိုင်ငံ မော်စကိုမြို့ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ရေးအတွက် အကြမ်းဖက်သမားများကကြံစည်နေကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက မတ် ၈ ရက်တွင် ရုရှားနိုင်ငံရောက် အမေရိကန်နိုင်ငံသားများကို သတိပေးထားသည်။

မော်စကိုမြို့ရှိ ဂျူးဘုရားကျောင်းတစ်ကျောင်းအား တိုက်ခိုက်မည့် အစ္စလာမ်မစ်အစွန်းရောက်များ၏ကြံစည်မှုကို ရုရှားဖက်ဒရယ်လုံခြုံရေးအေဂျင်စီ (အက်ဖ်အက်စ်ဘီ)က ဖော်ထုတ်နိုင်ခဲ့ပြီးနောက် အမေရိကန်သံရုံး၏သတိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

မော်စကိုမြို့တွင်းရှိ ဂီတဖျော်ဖြေပွဲများအပါအဝင် လူသူစည်းကားသည့် ပစ်မှတ်များကို အကြမ်းဖက်သမားများက အချိန်မရွေးတိုက်ခိုက်နိုင်ကြောင်း အမေရိကန်သံရုံးသတိပေးချက်၌ ဖော်ပြထားသည်။

သို့သော် မော်စကိုမြို့တွင်းရှိ လူသူစည်ကားရာ နေရာများကို နောင်လာမည့် ၄၈ နာရီအတွင်း ရှောင်ရှားနေကြရန် အဆိုပါသတိပေးချက်၌ အမေရိကန်နိုင်ငံသားများကို တိုက်တွန်းခဲ့သည်။

မော်စကိုမြို့တွင်းရှိ ဂျူးဘုရားကျောင်းတစ်ကျောင်းအား အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု(အိုင်အက်စ်) အဖွဲ့ခွဲတစ်ခုက တိုက်ခိုက်မည့်အစီအစဉ်ကိုတားဆီးနိုင်ခဲ့ကြောင်းရုရှားအက်ဖ်အက်စ်ဘီက မတ် ၈ရက်မှာပင် သတင်းထုတ်ပြန်ထားသည်။

ရုရှားအက်ဖ်အက်စ်ဘီသတင်းထုတ်ပြန်ချက်နှင့် မော်စကိုရှိအမေရိကန်သံရုံး သတိပေးချက်တို့ကြားဆက်စပ်မှု ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပြည်ပပုဂ္ဂလိကတက္ကသိုလ်များကို ကျောင်းခွဲများ ဖွင့်လှစ်ခွင့်ဥပဒေကြမ်း ဂရိလွှတ်တော်အတည်ပြု

**အေသင် မတ် ၉**

ဂရိနိုင်ငံ၌ ကျောင်းခွဲများဖွင့်လှစ်ရန် ပြည်ပပုဂ္ဂလိက တက္ကသိုလ်များအတွက် ခွင့်ပြုချက်ပေးထားသည့်ဥပဒေကြမ်းတစ်ရပ်ကို ဂရိလွှတ်တော်က ယနေ့နံနက်ပိုင်းတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ယင်းဥပဒေကြမ်းကို ဂရိကျောင်းသားများက ဆန္ဒပြကန့်ကွက်နေသည့်တိုင် ဂရိလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ပြည်ပပုဂ္ဂလိကတက္ကသိုလ်များကို ဂရိနိုင်ငံ၌ ကျောင်းခွဲများဖွင့်လှစ်ခွင့်ပေးခဲ့ပါက ပြည်တွင်းအစိုးရတက္ကသိုလ်များမှ ဘွဲ့ဒီဂရီများ တန်ဖိုးကျသွားနိုင်ကြောင်း ဆန္ဒပြကျောင်းသားများက ပြောကြားခဲ့သည်။

ပြည်ပပုဂ္ဂလိကတက္ကသိုလ်များအား ကျောင်းခွဲဖွင့်ခွင့်ပေးမှုဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်အမတ်ဦးရေ ၃၀၀ အနက် ၁၅၉ ဦးတို့၏ ထောက်ခံမှုဖြင့် ဂရိလွှတ်တော်က အတည်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၌ ပြည်ပပုဂ္ဂလိကတက္ကသိုလ်များ၏ ကျောင်းခွဲများဖွင့်လှစ်ခွင့်ပေးခြင်းဖြင့် ဂရိကျောင်းသားထောင်ပေါင်းများစွာတို့ ပြည်ပတက္ကသိုလ်များသို့ သွားရောက် ပညာသင်ကြားနေရမှုကို လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း ဂရိအစိုးရက ပြောကြားထားသည်။

ဂရိကျောင်းသားထောင်ပေါင်းများစွာတို့ ပြည်ပတက္ကသိုလ်များသို့ သွားရောက်ပညာသင်ကြားနေရမှုကြောင့် ဘဏ္ဍာရေးအကျပ်အတည်းမှ ပြန်လည်နာလန်ထူရေးလုပ်ငန်းများတုံ့ဆိုင်းနေရသည်ဟု ဂရိအစိုးရက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဂါဇာဆိပ်ကမ်းတည်ဆောက်ရေးအတွက် ရက်ပေါင်း ၆၀ ထိ လိုအပ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်

**နယူးယောက် မတ် ၉**

ဂါဇာကမ်းမြောင်ဒေသအတွက် ယာယီဆိပ်ခံတံတားတည်ဆောက်ရေးအစီအစဉ် ပြီးမြောက်ရေးအတွက် ရက်ပေါင်း ၆၀ထိ အချိန်ယူရနိုင်ကြောင်း အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနက မတ် ၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ဂါဇာဒေသ ယာယီဆိပ်ကမ်းတံတားတည်ဆောက်ရေးစီမံကိန်း၌ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ကျော်ထိ ပါဝင်ရနိုင်ကြောင်းလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။



ဂါဇာကမ်းမြောင် ဒေသသို့ အကူအညီများ ပေးပို့နိုင်ရေးအတွက် ဂါဇာဒေသ မြေထဲပင်လယ်ကမ်းရိုးတန်း၌ ယာယီဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က မတ် ၇ ရက်တွင် စစ်ဘက်ကို ညွှန်ကြားထားကြောင်း သိရသည်။

အစ္စရေး၏ ဂါဇာစစ်ပွဲကို ထောက်ခံမှုပေးထားသည့်အတွက် မကျေမနပ်ဖြစ်နေသော ဒီမိုကရက်တစ်ပါတီဝင်များကို နှစ်သိမ့်သည့်အနေဖြင့် ဂါဇာယာယီဆိပ်ကမ်းတည်ဆောက်ရန် သမ္မတဂျိုးဘိုင်ဒင်က ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


လက်ရှိအချိန်တွင် အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနသည် ဂါဇာယာယီဆိပ်ကမ်းတည်ဆောက်ရေးအတွက် စီမံကိန်းရေးဆွဲနေကြောင်း သိရသည်။

စီမံကိန်း ရေးဆွဲပြီးချိန်တွင် တည်ဆောက်ရေးလုပ်ငန်း၌ ပါဝင်မည့်တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀ကျော်ကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်ဖြန့်ကြက်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏အခြေအနေကို သိပ္ပံပညာရှင်များ စိုးရိမ်နေ



**ဝါရှင်တန် မတ် ၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် အဓိပ္ပာယ်ဖော်၍မရသည့် ကိန်းဂဏန်းတွဲများ ဆက်လက်ပေးပို့နေမှုကြောင့် ၎င်းအာကာသယာဉ်၏အခြေအနေကို သိပ္ပံပညာရှင်များက စိုးရိမ်နေကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းမှစ၍ အဓိပ္ပာယ်ဖော်၍မရနိုင်သည့် ကိန်းဂဏန်းတွဲများပေးပို့နေသော ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ယနေ့ထိလည်း အထက်ပါလို့ဝှက်ကုဒ်နံပါတ်များကို ပေးပို့နေဆဲဖြစ်ကြောင်း သိရသည်။

နာဆာ သိပ္ပံပညာရှင်များ၏ အဆိုအရ ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် တစ်ဂဏန်းနှင့် သုညဂဏန်းများသာပါသည့် နှစ်လုံးတွဲဂဏန်းများကို ပေးပို့နေခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါပြဿနာကိုပြင်ဆင်ရေးအတွက် ကြိုးပမ်းနေသော်လည်း အောင်မြင်မှု မရှိသေးခြင်းကြောင့် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်၏ အခြေအနေမှာစိုးရိမ်ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်သည် ကမ္ဘာမြေနှင့်မိုင်ပေါင်း ၁၅ ဘီလီယံအကွာသို့ ရောက်ရှိနေကြောင်း၊ နာဆာအဖွဲ့သည် ၁၉၇၇ ခုနှစ်တွင် ဗွိုင်ယေဂျာ-၁ အာကာသယာဉ်ကို လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်မှ ဖြုတ်ချထားသည့် အလေးချိန် သုံးတန်ခန့်ရှိ ဘက်ထရီအိမ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်

**ဝါရှင်တန် မတ် ၉**


နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်မှ ဖြုတ်ချထားသည့် အလေးချိန် သုံးတန်ခန့်ရှိ ဘက်ထရီအိမ်သည် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

EP 9 အမည်ရှိ အဆိုပါဘက်ထရီအိမ်ကို ၂၀၂၁ ခုနှစ် မတ်လတွင် နိုင်ငံတကာ အာကာသစခန်းမှ ဖြုတ်ချထားခြင်းဖြစ်ကြောင်း သိရသည်။

EP 9 ဘက်ထရီအိမ်သည် မတ် ၁၀ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ဖွယ်ရှိသည်ဟု အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

EP 9 ဘက်ထရီအိမ်သည် ဂျာမနီနိုင်ငံအထက် လေထုလွှာအတွင်း ပြန်ဝင်လာနိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

EP 9 ဘက်ထရီအိမ်ထဲတွင် နစ်ကယ်ဟိုက်ဒရိုဂျင် ဘက်ထရီဟောင်းများ ထည့်သွင်းထားကြောင်း သိရသည်။




EP 9 ဘက်ထရီအိမ်ကို ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက်တွင် ဂျပန်နိုင်ငံ၏ HTV-9 ဒုံးပျံဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင် ထားခြင်းဖြစ်ကြောင်း သိရသည်။


**Ref : Russia Today**
**Trs : KKO**

## အမွေးထူရှေးဆင်ကြီးများကို ၂၀၂၈ ခုနှစ်မတိုင်မီ ပြန်လည်အသက်သွင်းနိုင်ရေးအတွက် လိုအပ်သည့်ခြေလှမ်းတစ်ရပ်ကို သိပ္ပံပညာရှင်များ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့

**ဝါရှင်တန် မတ် ၉**

Woolly Mammoth ခေါ် အမွေးထူ ရှေးဆင်ကြီးများကို ၂၀၂၈ ခုနှစ်မတိုင်မီ ပြန်လည်အသက်သွင်းနိုင်ရေးအတွက်လိုအပ်သည့်ခြေလှမ်းတစ်ရပ်ကို သိပ္ပံပညာရှင်များက အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြောင်း မတ် ၈ ရက်သတင်းများအရ သိရသည်။






အမေရိကန်နိုင်ငံ အခြေစိုက် Colossal Bioscience ကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် ဆင်များ၏ ပင်မဆဲလ်များကို မျိုးဗီဇသဘောအရ ပုံစံပြန်ချနိုင်ခဲ့ကြောင်း သိရသည်။

အမွေးထူဆင်များ၏ ပင်မဆဲလ်များကို မျိုးဗီဇပုံစံပြန်ချနိုင်ခဲ့ခြင်းကြောင့် ၂၀၂၈ ခုနှစ်မတိုင်မီ အမွေးထူ ဆင်ကြီးများကို ပြန်လည်အသက်သွင်းနိုင်ရေးအတွက် ခြေလှမ်းစတင်ရန် နီးစပ်လာခဲ့ကြောင်း သိရသည်။

ပင်မဆဲလ်များကို မျိုးဗီဇပုံစံပြန်ချထားသော ဆဲလ်များအဖြစ်ပြောင်းလဲနိုင်မှုကြောင့် အမွေးထူဆင်ကြီးများကို ပြန်လည်မွေးထုတ်ရေးအတွက် လမ်းစပွင့်လာနိုင်ကြောင်း Colossal Bioscience ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

Plupotent Stem Cells ခေါ် မျိုးဗီဇပုံစံပြန်ချထားသည့် ဆဲလ်များသည် အမွေးထူဆင်ကြီးများကို ပြန်လည် မွေးထုတ်ရေးအတွက် သော့ချက်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## သစ်ရိပ်တောရိပ်ရှိသည့်နေရာများ၌နေထိုင်ခြင်းက အရိုးကြွပ်ဆတ်မှုဖြစ်နိုင်ခြေကို လျှော့ချနိုင်

**ပေကျင်း မတ် ၉**

သစ်ရိပ်တောရိပ်ရှိသည့်နေရာများ၌ နေထိုင်ခြင်းသည် အရိုးကြွပ်ဆတ်မှုပြဿနာ ဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၈ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ရှစ်ရှားတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိမ်းလန်းသည့်နယ်မြေများ၌ နေထိုင်သူများတွင် အရိုးသိပ်သည်းဆ မြင့်မားနေတတ်ပြီး အရိုးပွရောဂါဖြစ်နိုင်ခြေ ကျဆင်းနေတတ်ကြောင်း သိရသည်။

လေထုညစ်ညမ်းမှု နည်းပါးရခြင်း၏ ရလဒ်အဖြစ် စိမ်းလန်းသောနယ်မြေများတွင် နေထိုင်သူများ၌ အရိုးပွရောဂါဖြစ်နိုင်ခြေ ကျဆင်းနေခြင်းဖြစ်နိုင်သည်ဟု တရုတ်သုတေသန ပညာရှင်များက ယူဆထားကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀၀၀ ခန့်တို့၏ စိမ်းလန်းသောနယ်မြေများနှင့် ထိတွေ့မှုအတိုင်းအဆကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိမ်းလန်းသောနယ်မြေများအနီး နေထိုင်သူများသည် စိမ်းလန်းသောနယ်မြေများနှင့် ကွာဝေးသူများထက် အရိုးပွရောဂါဖြစ်နိုင်ခြေ ငါးရာခိုင်နှုန်းပိုနည်းကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

လေထုညစ်ညမ်းမှု ပြဿနာကြောင့် ရောင်ရမ်းမှုများ၊ ဟော်မုန်းဖောက်ပြန်မှုများရှိလာတတ်ပြီး အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်မားလာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## MS ရောဂါအတွက်အသုံးပြုသည့် ဆေးတချို့က နို့တိုက်မိခင်များ သုံးစွဲချိန်တွင် ကလေးများအတွက် ဘေးကင်းလုံခြုံမှုရှိ

**ဘာလင် မတ် ၉**

ဗဟိုအာရုံနာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါ (MS) အတွက် အသုံးပြုသည့် ဆေးတချို့သည် နို့တိုက်မိခင်များသုံးစွဲချိန်တွင် ကလေးများအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

ကလေးနို့တိုက်မိခင်များအနေဖြင့် MS ရောဂါအတွက် သွေးဖြူဆဲလ်အခြေခံပဋိဇီဝဆေးများသုံးစွဲရချိန်တွင် ကလေးများတွင်လည်း မည်သည့်ဖွံ့ဖြိုးမှုပြဿနာမျှ ပေါ်ထွက်လာမှုမရှိကြောင်း ဂျာမနီ သုတေသန ပညာရှင်များက ပြောကြားသည်။

သွေးဖြူဆဲလ်အခြေခံ ပဋိပစ္စည်းကုထုံး (Monoclonal Antibodies) များသည် လူနာ၏ နာ့ဗ်ဆဲလ်စနစ်ကို တိုက်ခိုက်နေသည့် ခုခံအားစနစ်ဆဲလ်များကို ထိန်းချုပ်ခြင်းဖြင့် MS ရောဂါကို ကုသပေးသည်။

Monoclonal Antibodies ကုထုံးအများစုကို ကလေးနို့တိုက်မိခင်များတွင် အသုံးပြုပေးထားခြင်း မရှိပေ။

သို့ရာတွင် ကလေးမွေးဖွားပြီးနောက်ပိုင်းတွင် မိခင်များ၌ MS ရောဂါလက္ခဏာများ ပြန်ပေါ်လာတတ်ရာ Monoclonal Antibodies ကုထုံးများကို သုံးစွဲရန် လိုအပ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အဆိုပါကုထုံးများသည် မိခင်နို့မှတစ်ဆင့် ကလေး၏ ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ရာသီအကြိုခြေစမ်းပွဲအဖြစ် ချဲလ်ဆီးအသင်းနှင့်ဝီဟမ်းအသင်းတို့ ကယ်လီဖိုးနီးယားတွင်ခြေစမ်းပွဲကစားမည်




**ကယ်လီဖိုးနီးယား မတ် ၉**

ပရီးမီးယားလိဂ်ကလပ် ချဲလ်ဆီးအသင်းသည် အင်္ဂလန်လိဂ်-၁ ကလပ်ဝီဟမ်းအသင်းနှင့် လာမည့် ဇူလိုင် ၂၄ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ခြေစမ်းပွဲ ကစားမည်ဖြစ်ကြောင်း နှစ်ဖက်အသင်းမှ တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ရာသီအကြိုခြေစမ်းပွဲကာလကလည်း ချဲလ်ဆီးအသင်းနှင့် ဝီဟမ်းအသင်းတို့သည် အမေရိကန်ခရီးစဉ်တွင် မြောက်ကာရိုလိုင်းနားပြည်နယ် ချာပယ်ဟေးလ်တွင် ခြေစမ်းပွဲကစားခဲ့ဖူးပြီး ချဲလ်ဆီးအသင်းက ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သကဲ့သို့ ယခုနှစ် အမေရိကန်ခရီးစဉ်တွင်လည်း ဒုတိယအကြိမ် ခြေစမ်းပွဲ ထပ်မံကစားမည် ဖြစ်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် ယခုနှစ် ရာသီအကြိုခြေစမ်းပွဲစဉ်ကို အမေရိကန်ခရီးစဉ်သို့သွားရောက်မည်ဟု ကြေညာခဲ့သဖြင့် သုံးနှစ်ဆက်တိုက် အမေရိကန်တွင် ခြေစမ်းပွဲကစားမည်ဖြစ်သကဲ့သို့ ဇူလိုင် ၂၄ ရက် ဝီဟမ်းအသင်းနှင့် ပွဲစဉ်ပြီးပါက ဇူလိုင် ၃၁ ရက်တွင် မက္ကဆီကို ထိပ်သီးကလပ် အမေရိကအသင်းနှင့်အတ္တလန်တာမြို့ရှိ မာစီဒီးဘန်ဇ် ကစားကွင်းတွင် ကစားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

နည်းပြပိုချက်တီနို အနေဖြင့် ၎င်း၏ ပထမဆုံးဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့်အတူ ရုန်းကန်ခဲ့ရပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့်(၁၁)သို့ ရောက်ရှိနေသောကြောင့် ဥရောပယှဉ်ပြိုင်ခွင့်ရရှိရန် မျှော်လင့်ချက်နည်းပါးနေသကဲ့သို့ ပြီးခဲ့သည့်လကလည်း ကာရာဘောင်းဖလားဗိုလ်လုပွဲစဉ်တွင် လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် ဆုဖလားနှင့် ဝေးကွာခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# နက်တိုကို စတာလင်ပေါင် သန်း ၆၀ ပေး၍ ခေါ်ယူရန် နယူးကာဆယ်အသင်းဆုံးဖြတ်

**လန်ဒန် မတ် ၉**

နယူးကာဆယ် အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဝုဗ်အသင်း ကွင်းလယ်ကစားသမား နက်တိုကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ဖြင့် လာမည့်နွေရာသီတွင်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နက်တိုကို အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ကလည်းခေါ်ယူရန် ချိတ်ဆက်နေသောကြောင့် နယူးကာဆယ်အသင်းက ဝုဗ်အသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ ကို ပေးချေရန် ဆုံးဖြတ်ခဲ့ပြီး ကွင်းလယ်ပိုင်းတွင် အားနည်းနေသည့် အယ်မီရွန်၏ နေရာတွင်အစားထိုးနိုင်ရန် စီစဉ်လျက်ရှိသည်။

ဝုဗ်အသင်းသည် ပရီးမီးယားလိဂ်က သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့်ကိုက်ညီရန်အတွက် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း မာသီးယက်စ်နူနက်ကို မန်စီးတီးသို့လည်းကောင်း၊ ရူဘင်နီဗက်ကိုအယ်ဟိုင်လာ အသင်းသို့လည်းကောင်း၊ နသန်ကောလင်းကို ဘရန့်ဖို့ဒ် အသင်းသို့လည်းကောင်း ရောင်းချ၍ ဘဏ္ဍာရေးအခက်အခဲကို ဖြေရှင်းနိုင်ခဲ့သော်လည်း ယခုနှစ်တွင်လည်း ဘဏ္ဍာရေးစည်းမျဉ်းကို ဖြတ်ကျော်နိုင်ရန်အတွက် အသင်းမှ အဓိက ကစားသမားတချို့ကို ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဝုဗ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြအိုနေးလ်လက်အောက်တွင် ပုံစံကောင်းရရှိခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၀)သို့ ရောက်ရှိခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့ကာ အဆိုပါပြိုင်ပွဲများတွင် ကွင်းလယ်ကစားသမား နက်တိုက အဓိက ကစားသမားအဖြစ်ပါဝင်ကာ သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုကိုးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသခဲ့ကြောင်း သိရသည်။

Ref : RT
Trs : ML







# ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ် ပွဲတွင် အန်တိုနီဂျိုရှွာက ဖရန်စစ်ကို အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိ

**ရီယာဒ် မတ် ၉**

ကမ္ဘာ့ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်အဖြစ် MMA လောက၏ ကမ္ဘာ့ချန်ပီယံ ကင်မရွန်းနိုင်ငံသား ဖရန်စစ်နှင့် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှွာတို့ မတ် ၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ထိုးသတ်ခဲ့ရာ အန်တိုနီဂျိုရှွာက ဒုတိယအချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖရန်စစ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဟောင်းတစ်ဦးဖြစ်သူ ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် ထိုးသတ်စဉ် ဖရန်စစ်ကအနိုင်ရရှိနိုင်သည့် အခြေအနေမျိုးဖြစ်ခဲ့သည့်အတွက် ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ဝှေ့လောကတွင် ဖရန်စစ်ကို ကမ္ဘာ့အဆင့် သတ်မှတ်ပေးသင့်ကြောင်း လက်ဝှေ့ကျွမ်းကျင်သုံးသပ်သူများက တောင်းဆိုခဲ့ကြသော်လည်း အန်တိုနီဂျိုရှွာနှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် ဖရန်စစ်အနေဖြင့် လက်ဝှေ့လောကတွင် ကျင်လည်ရန် မဖြစ်နိုင်တော့သည့် အခြေအနေမျိုးနှင့်ရင်ဆိုင်ခဲ့ရသည်။

ဖရန်စစ်သည် အန်တိုနီဂျိုရှွာနှင့် ထိုးသတ်ခဲ့သည့်ပွဲစဉ်တွင် လက်ဝှေ့အားကစားနှင့်ပတ်သက်ပြီး လုံလောက်သည့်စွမ်းဆောင်ရည်မျိုး မပြသနိုင်ခဲ့သည့်အတွက် လက်ဝှေ့လောကတွင် ကျင်လည်ရန်ပြင်ဆင်နေသည့် ဖရန်စစ်အတွက် လက်ဝှေ့လောကကို စွန့်ခွာကာ MMA လောကကိုသာ ပြန်လည်ဝင်ရောက်သင့်သည့် အခြေအနေဖြစ်ခဲ့သည်။

ဖရန်စစ်က "အန်တိုနီကို ရှုံးနိမ့်ခဲ့ပေမဲ့လဲ ကျွန်တော့်အနေနဲ့ အချိန်ကာလတစ်ခုထိ အနားယူပြီး လက်ဝှေ့လောကထဲကို ပြန်ဝင်မှာပါ။ ကိုယ်မကျွမ်းကျင်တဲ့ လောကထဲကို ဝင်လာတယ်ဆိုတာ အန္တရာယ်များပေမဲ့လဲ ကျွန်တော့်အနေနဲ့လဲ လက်ဝှေ့လောကကို စွန့်ခွာမှာမဟုတ်ဘူး။ ဒီစိန်ခေါ်ပွဲမှာ ကျွန်တော်ရှုံးနိမ့်ခဲ့ရတဲ့ အကြောင်းအရင်းကလဲ ကျွန်တော့်ရဲ့အားနည်းချက်ကြောင့်ဖြစ်ပါတယ်။ဒီအားနည်းချက်ကိုပြင်ဆင်နိုင်ဖို့ ကျွန်တော့်အနေနဲ့ အကောင်းဆုံးပုံစံနဲ့လက်ဝှေ့လောကထဲကို ပြန်ဝင်လာမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



## အားကစားသတင်း အတိုအထွာများ

- ချဲလ်ဆီးအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် တောင်ပံကစားသမား ကာဗာရှက်ရှီလီယာအနေဖြင့် လာမည့်နွေရာသီတွင် နာပိုလီအသင်းမှထွက်ခွာနိုင်ဖွယ်ရှိကြောင်း သိရသည်။
- ဆော်ဒီကလပ်က ကွင်းလယ်ကစားသမား ဒီဘရိုင်းကိုခေါ်ယူရန် မန်စီးတီးအသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ကျော်ကိုပေးချေရန်အသင့်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းနည်းပြတန်ဟတ်က ၎င်းအနေဖြင့် ဘယ်တောင်ပံခံစစ်ပိုင်းတွင် လုခ်ရှောနှင့်မာလာစီယာတို့ ကာလရှည်ဒဏ်ရာကြုံတွေ့နေရသောကြောင့် ဘောလုံးရာသီကုန်ထိ ဘယ်တောင်ပံခံစစ်ပိုင်းပြဿနာကိုဖြေရှင်းနိုင်ရန် အခက်ကြုံနေရကြောင်း ပြောကြားခဲ့သည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၈) ရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၂ | - | ၀ | အဲဗာတန် |
| ဘုန်းမောက် | ၂ | - | ၂ | ရှက်ဖီးလ်(U) |
| ပဲလေ့စ် | ၁ | - | ၁ | လူတန် |
| ဝုဗ် | ၂ | - | ၁ | ဖူလ်ဟမ် |

(၀၄၀)

# ရီးရဲလ်မက်ဒရစ်နည်းပြရာထူးအတွက် လီဗာပူးအသင်းကို ငြင်းပယ်ခဲ့ကြောင်း အလွန်ဆိုပြောကြား

**လန်ဒန် မတ် ၉**

လေဗာကူဆင်အသင်းနည်းပြ အလွန်ဆိုက လီဗာပူးအသင်း၏ နည်းပြတာဝန်ကို ငြင်းဆိုခဲ့ခြင်းမှာ ရီးရဲလ်မက်ဒရစ်အသင်းမှ နည်းပြ အန်ဆယ်လော့တီ ထွက်ခွာပါက ၎င်း၏နေရာတွင် တာဝန်ယူရန်အတွက် စောင့်ဆိုင်းနေခြင်းဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

လီဗာပူးအသင်း နည်းပြကလော့ပ်က ဘောလုံးရာသီအကုန်တွင် အသင်းမှထွက်ခွာမည်ဟု တရားဝင် ကြေညာခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက လေဗာကူဆင်အသင်းနှင့်အတူ အောင်မြင်မှုများရယူထားသည့် နည်းပြအလွန်ဆိုကို နည်းပြခန့်အပ်ရန် ဦးစားပေး ပစ်မှတ်ထားခဲ့သည့်အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း နည်းပြတူချယ်၏နေရာတွင် အစားထိုးရန် အလွန်ဆိုကို ကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။

သို့သော် နည်းပြအလွန်ဆိုက ရီးရဲလ်မက်ဒရစ်အသင်းမှ နည်းပြ အန်ဆယ်လော့တီ ထွက်ခွာပါက နည်းပြရာထူးကိုဆက်ခံရန် အာရုံစိုက်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ် အသင်းတို့နှင့် လက်တွဲရန် ဆန္ဒမရှိကြောင်း ငြင်းပယ်ခဲ့သည်။

အလွန်ဆိုသည် ကစားသမားဘဝက လီဗာပူးအသင်းနှင့်ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်ခဲ့ပြီး ဘိုင်ယန်မြူးနစ် အသင်းနှင့်လည်း အဓိကဆုဖလား သုံးကြိမ်ထိရယူခဲ့သော်လည်း နည်းပြတာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းမှုကိုဆန္ဒမရှိဘဲ ရီးရဲလ်မက်ဒရစ်အသင်း နည်းပြရာထူးကိုသာ စိတ်ဝင်စားကြောင်း ပြောကြားခဲ့သည်။

နည်းပြအလွန်ဆို၏ အေးဂျင့်ဖြစ်သူကလည်း ၎င်းအနေဖြင့် လေဗာကူဆင် အသင်းတွင်သာ ဆက်လက်တာဝန်ထမ်းဆောင်ရန် အကြံပြုထားပြီး လီဗာပူးအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းကို အလွန်ဆိုငြင်းဆိုခဲ့ခြင်းမှာ မိမိ၏အကြံပြုချက်မပါဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

Ref : Sputnik
Trs : ML

# ပြည်သူ့အကျိုးပြုကာလ ၁၀ နှစ်ပြည့်မည်

လင်းလက်

❖ အများပြည်သူများ၏ အကျိုးစီးပွားထိခိုက်နစ်နာမှု မရှိစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရေး ဦးတည်လျှောက်လှမ်းခဲ့သည့် ကော်မရှင်၏သက်တမ်းသည် ၂၀၂၄ ခုနှစ် မတ် ၁၀ ရက်တွင် ၁၀ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ "အဂတိပယ်ခွာ ပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထား၍ နိုင်ငံသားများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ❖

**သာယာလှပ လူ့ဘဝ**

စီးပွားဥစ္စာရှာဖွေကြရာတွင် သမ္မာအာဇီဝဖြင့် ရှာဖွေစုဆောင်းအပ်သော ပစ္စည်းဥစ္စာများဖြင့် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ အခြားသူများ၏ ပစ္စည်းဥစ္စာများကို မတရားရယူရန်ကြိုးစားခြင်း၊ မိမိတွင်ရှိသော ရာထူး၊ ဌာနနှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြုလုပ်၍ ကိုယ်ကျိုးရှာအမြတ်ထုတ်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ လျော်ကန်သင့်မြတ်မှုမရှိသော လက်ဆောင်ပစ္စည်းများကိုရယူခြင်း စသည့်အဂတိလိုက်စားမှုတို့ဖြင့် ချမ်းသာကြွယ်ဝခြင်းကို ပုံဖော်လိုက်မိသည့်အခါ ကျင်လည်ရာပတ်ဝန်းကျင်ကို ညစ်နွမ်းစေတတ်သဖြင့် သတိပြုဆင်ခြင်အပ်သည်။ သမ္မာအာဇီဝဖြင့် ရှာဖွေစုဆောင်းအပ်သော ငွေကြေး၊ ပစ္စည်းဥစ္စာများဖြင့် လူမှုကျင့်ဝတ်နှင့်အညီ ရှင်သန်နေထိုင်ကြမှ သာယာပျော်ရွှင်ဖွယ်ကောင်းသော လူ့ဘောင်လောကကို ဖန်တီးပုံဖော်နိုင်ကြမည်ဖြစ်သည်။

**၂၀၁၄ မှ စခဲ့သည်**

ကိုယ်ကျိုးစီးပွားအလေးထား၍ အဂတိလိုက်စားမှုများကို ကျူးလွန်သည့်အခါ နိုင်ငံတော်ပိုင်ပစ္စည်းများကို လေလွင့်ဆုံးရှုံးစေခြင်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် အကျိုးစီးပွား ထိခိုက်နစ်နာစေခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်အခါ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်၊ ပြည်သူပိုင်ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် အဂတိလိုက်စားမှုများကိုတားဆီးကာကွယ်ရန်ရည်ရွယ်၍ ၁၉၄၈ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့သည်။ ပြည်သူ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန် ထမ်းဆောင်မှုများတွင် တံစိုးလက်ဆောင် လက်ခံခြင်း၊ မိမိ၏ရာထူးတာဝန်ကို အလွဲသုံးစားပြုလုပ်ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အလွဲသုံးစားပြုလုပ်ခြင်းတို့ကို ကျူးလွန်မှုမရှိစေရေး ဥပဒေနှင့်အညီ တားဆီးကာကွယ်ခဲ့သည်။

အဂတိလိုက်စားမှု၏ သဘောသဘာဝနှင့်ဖြစ်စဉ်များသည် နိုင်ငံအတွင်းဖြစ်ပွားသည့် ဖြစ်မှုများအသွင်မှသည် နိုင်ငံဖြတ်ကျော်ဖြစ်မှုများအသွင် ပြောင်းလဲလာ၍ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စံချိန်စံညွှန်းများ၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် နည်းစနစ်များနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ခေတ်စနစ်နှင့်အညီဖြစ်စေမည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် အသစ်ပြန်လည်ပြဋ္ဌာန်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ယခင်လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်)ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အုပ်စု (၁) အားကစားလေ့ကျင့်ရေးစခန်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။

**၁၀ နှစ်တာခရီး**

အများပြည်သူများ၏ အကျိုးစီးပွားထိခိုက်နစ်နာမှု မရှိစေရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ပေါ်ထွန်းလာစေရေး ဦးတည်လျှောက်လှမ်းခဲ့သည့် ကော်မရှင်၏သက်တမ်းသည် ၂၀၂၄ ခုနှစ် မတ် ၁၀ ရက်တွင် ၁၀ နှစ်တာကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ "အဂတိပယ်ခွာပြည်သာယာ"ဆိုသည့် ဆောင်ပုဒ်ကိုလက်ကိုင်ထား၍ နိုင်ငံသားများ၏အခွင့်အရေးနှင့်အကျိုးစီးပွားကိုထိခိုက်မှုမရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ အဂတိလိုက်စားမှုကျူးလွန်ခြင်းသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်း၊ ကျင့်ဝတ်ဖောက်ဖျက်ခြင်းဖြစ်သဖြင့် ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ကိုအလေးထားသည့် လူမှုပတ်ဝန်းကျင်ကို ဖန်တီးပုံဖော်ခြင်းဖြင့် အဂတိလိုက်စားမှုများ လျော့နည်းလာမည်ဖြစ်သည်။

မြတ်စွာဘုရားရှင်က သိင်္ဂါလ သတို့သားကို လူ့ဘဝတွင် လူအဖြစ်ကိုရရှိလာသူတိုင်းသည် လူ့ကျင့်ဝတ်များကို လိုက်နာရန်လိုအပ်သကဲ့သို့ နေ့စဉ်ပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုများတွင် ချစ်ခင်နှစ်သက်မှုကိုအခြေတည်၍ ဘက်လိုက်ဆုံးဖြတ်တတ်ခြင်း ဆန္ဒာဂတိ၊ အမုန်းတရားကြောင့် ဘက်လိုက်ဆုံးဖြတ်တတ်ခြင်း ဒေါသာဂတိ၊ အကြောက်တရားကြောင့် ဘက်လိုက်ဆုံးဖြတ်တတ်ခြင်း ဘယာဂတိနှင့် အမှား၊ အမှန်ကို ပိုင်းခြားဝေဖန်နိုင်စွမ်းမရှိသဖြင့် ဘက်လိုက်ဆုံးဖြတ်တတ်ခြင်း မောဟာဂတိ စသည့် အဂတိတရားလေးပါးကို ရှောင်ရှားရန် ဟောကြားခဲ့သည်။ အဂတိလိုက်စားမှုများကို ကျူးလွန်ကာ ရှာဖွေခြင်းမှရရှိသော ပစ္စည်းဥစ္စာများသည် သန့်ရှင်းမွန်မြတ်မှုမရှိသဖြင့် လဆုတ်ရက်၌ လမင်း၏အရောင်အဝါသည် တစ်နေ့တခြား လျော့ပါးလာသကဲ့သို့ စည်းစိမ်ဥစ္စာတို့သည် တစ်နေ့တခြားလျော့ပါးဆုတ်ယုတ်တတ်သဖြင့် သတိပြုဆင်ခြင်အပ်ကြောင်းကို မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို ဟောကြားဆုံးမခဲ့သည်။

**သမ္မာအာဇီဝဖြင့် ချမ်းသာကြစေလို**

အသက်ရှင်နေထိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို လုပ်ကိုင်ကြရာတွင် တစ်ပါးသူ၏အကျိုးစီးပွားကို ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေဘဲ မိမိ၏အကျိုးစီးပွားကို တိုးပွားစေရေးကြိုးစားဖြည့်တင်းရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် ကျင့်ဝတ်စံတန်ဖိုးများကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာဝတ်ဆင်၍ အများပြည်သူအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရသူများဖြစ်သည်။ အများပြည်သူအကျိုးစီးပွားအလေးထားဆောင်ရွက်ရာတွင် ကိုယ်ကျိုးစီးပွားအလေးထား၍ အကျိုးစီးပွားပဋိပက္ခအခြေအနေများ မဖြစ်ပေါ်စေရေးနှင့် အများပြည်သူဘဏ္ဍာရန်ပုံငွေများကို သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားသည့် သင်တန်းများနှင့် ဝန်ကြီးဌာနအဖွဲ့အစည်းများက ဖွင့်လှစ်သင်ကြားသည့် သင်တန်းများတွင် ကော်မရှင်က ကျင့်ဝတ်စောင့်ထိန်းခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဖြင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဖန်တီးပုံဖော်နိုင်မည်ကို အသိပညာပေး ဆောင်ရွက်နေသည်ကို တွေ့ရသည်။

**တားဆီးကာကွယ် အဂတိလိုက်စားမှုအန္တရာယ်**

အနာဂတ်နိုင်ငံတော်ကို ဖန်တီးပုံဖော်ရာတွင် မျိုးဆက်သစ်လူငယ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသဖြင့် ငယ်စဉ်ကတည်းက ကျင့်ဝတ်စံတန်ဖိုးများ၊ ပြည်သူ့နီတိသဘောတရားများ၊ နိုင်ငံသားကောင်းတစ်ယောက်၏ အရည်အချင်းများကို လက်ကိုင်ထား၍ လူ့ဘောင်လောကကို အလှဆင်သူများဖြစ်လာစေရေး ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှု လူငယ်စခန်းများဖွင့်လှစ်ခြင်း၊ လူငယ်အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ကျောင်းသားလူငယ် အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ လူငယ်စကားဝိုင်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

"ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုကောင်း၏"ဆိုသည့်စကားနှင့်အညီ အဂတိလိုက်စားမှုများဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်ရမည်ဆိုပါက စီမံခန့်ခွဲမှု ကုန်ကျစရိတ်များအပါအဝင် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးနစ်နာမှုများရှိနိုင်သဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတိုင်းက ဆောင်ရွက်နေခြင်းဖြစ်သည်။ အများပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် မှန်ကန်တည့်မတ်စွာဆောင်ရွက်နိုင်စေရန်အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များတွင် ဖွဲ့စည်းထားပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့ပြင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အများပြည်သူ၏ သဘောထားများကို သိရှိနိုင်ရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၃၁ ခုတွင် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရသည်။

**နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နိုင်ငံတကာ၌ ဖြစ်ပေါ်တိုးတက်နေသည့် နည်းစနစ်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာနိုင်ရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအားကောင်းစေရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် လက်မှတ်ရေးထိုးထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ဒေသတွင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့သို့လည်း ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားသည်။

**ဥပဒေနှင့်အညီသာ**

အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသကဲ့သို့ အဂတိလိုက်စားမှု ကျူးလွန်ခြင်းကြောင့် အများပြည်သူအကျိုးစီးပွားထိခိုက်နစ်နာမှုများကို ကျောသားရင်သားမခွဲခြားဘဲ အရေးယူလျက်ရှိသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့်လည်း အဂတိလိုက်စားမှုများကို ကိုယ်တိုင်တွေ့ကြုံရသည်ဖြစ်စေ လူမှုပတ်ဝန်းကျင်တွင် တွေ့ကြုံရသည်ဖြစ်စေ ကော်မရှင်သို့ ဥပဒေနှင့်အညီ တိုင်ကြားစာများပေးပို့နိုင်သည်။ ကော်မရှင်စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်ထိ ကော်မရှင်အနေဖြင့် တိုင်ကြားစာပေါင်း ၃၆၃၀၅ စောင် ရရှိခဲ့ပြီး တိုင်ကြားစာ ၂၀၄၆၃ စောင်ကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ အဂတိလိုက်စားမှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အရေးယူခဲ့သည်။ နိုင်ငံ့ဝန်ထမ်း ၂၆၈၄ ဦးကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ လည်းကောင်း၊ အဂတိလိုက်စားမှုကျူးလွန်သူ နိုင်ငံရေးရာထူး လက်ရှိဖြစ်သူ ၆၅ ဦး၊ အဆင့်မြင့်အရာရှိ ၂၁ ဦး၊ အရာထမ်းဦးရေ ၈၀၊ အမှုထမ်း ၈၄ ဦး၊ ပြည်သူ့ဝန်ထမ်း ၁၈ ဦးနှင့် အခြားပုဂ္ဂိုလ် ၃၄ ဦး စုစုပေါင်း ၃၀၂ ဦးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်ခဲ့သည်ဟု သိရသည်။ စုံစမ်းစစ်ဆေးတရားစွဲတင်ဆောင်ရွက်ခဲ့သည့်အမှုများမှ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းနိုင်မှုနှင့် နိုင်ငံတော်ဘဏ္ဍာသို့ ပြန်လည်ပေးသွင်းနိုင်မှုအနေဖြင့် မြန်မာငွေကျပ် ၂၃ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ရှိပြီး နိုင်ငံတော်ဘဏ္ဍာ ဆုံးရှုံးမှုမရှိစေရေး ကာကွယ်နိုင်မှုအနေဖြင့် မြန်မာငွေကျပ် ၁၅၅ ဘီလီယံကျော်နှင့် ယူရိုငွေ ၃ သန်းကျော်ရှိသည်ဟု သိရသည်။

**လက်တွဲတိုက်ဖျက်ပြည်သူ့အတွက်**

အဂတိလိုက်စားမှု၏ သဘောသဘာဝသည် ဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်မည်ဆိုပါက ဆုံးရှုံးမှုများ အလွန်များပြားသဖြင့် မဖြစ်မီက ကြိုတင်ကာကွယ်ဆိုသည့် စကားနှင့်အညီ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် ကော်မရှင်အနေဖြင့် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းတို့ကို ဆောင်ရွက်နေခြင်းဖြစ်သည်။ အဂတိလိုက်စားမှုကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမရှိသော ဖြောင့်မတ်တည်ကြည်မှုကို တန်ဖိုးထားသော လူမှုပတ်ဝန်းကျင်ကို ဖန်တီးပုံဖော်ရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက စုပေါင်းအင်အားဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုကင်းစင်သော အနာဂတ်ကို ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၁၀ နှစ်ပြည့် နှစ်ပတ်လည်မှသည် ဆန္ဒပြုတိုက်တွန်းရေးသားလိုက်ရသည်။

**ကိုးကား**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ Website။**

# စူပါဆန်းဒေး ဇာတ်ကားကို မတ် ၁၀ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မတ် ၉**

စူပါဆန်းဒေး ဇာတ်ကားကို မတ် ၁၀ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ရဲရင့်အောင်က ပြောပြ၍ သိရသည်။

စူပါဆန်းဒေး ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုသောင်းက ရေးသားထားပြီး ဒါရိုက်တာ ကိုသောင်းကပင် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ချစ်သူ အသတ်ခံလိုက်ရတာကို မျက်စိနဲ့ တပ်အပ်မြင်လိုက်ရသူ တစ်ယောက်ရဲ့ ချစ်သူအတွက် ကလဲ့စားချေဖို့ ကြံစည်မှုတွေရဲ့ နောက်ဆက်တွဲအဖြစ်တွေကို ရင်တထိတ်ထိတ် ကြည့်ရှုရမှာဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် အောက်တိုဘာလက တစ်ကြိမ်ထုတ်လွှင့်ပြသပြီးပါပြီ။ ပရိသတ်တွေ အားပေးကြတဲ့အတွက် အခုထပ်မံထုတ်လွှင့်ပေးမှာဖြစ်ပါတယ်။ တစ်ပိုင်းထဲအပြီး ဇာတ်ကားဖြစ်ပါတယ်"ဟု သရုပ်ဆောင် ရဲရင့်အောင်က ပြောပြသည်။

စူပါဆန်းဒေး ဇာတ်ကားတွင်သရုပ်ဆောင် ရဲရင့်အောင်၊ ခေးဆက်သွင်၊ ရွှေစင်ဝင်းကိုတို့က အဓိက ပါဝင်သရုပ်ဆောင်ထားပြီး အခြား အနုပညာရှင်များစွာလည်း ပါဝင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို မတ် ၁၀ ရက် တနင်္ဂနွေနေ့တွင် SKY-PREMIER HD ရုပ်သံလိုင်းမှ နံနက် ၁၀ နာရီနှင့် ည ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ASH

# နှလုံးသားရဲ့အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် မတ် ၉**

M Entertainment Channel မှထုတ်လွှင့်ပြသမည့် နှလုံးသားရဲ့အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Kan Thar Yar Shopping Mall တွင် မတ် ၈ ရက် ညနေပိုင်းက ပြုလုပ်ခဲ့ကြောင်း သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြ၍ သိရသည်။

နှလုံးသားရဲ့ အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လုံမနှင့် စမ်းဝတီတို့က ရေးသားထားပြီး ဇာတ်ညွှန်းကို လုံမက ရေးသားထားကာ ဒါရိုက်တာ စမ်းဝတီက M Entertainment Channel အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ မိဘတွေရဲ့ဆန္ဒကို လိုက်လျောခဲ့ရသူနဲ့



ကိုယ်ချစ်တဲ့သူပျော်ရွှင်စေဖို့ အရာရာမှာ နောက်ဆုတ်ပေးခဲ့ရသူတို့ နှစ်ယောက် တွေ့ဆုံကြတဲ့ အခက်အခဲတွေကို ထပ်ဟပ်အောင် ပုံဖော်ထားပါတယ်။ ထူးခြားတာကတော့ သာမန်ဒရာမာတွေနဲ့ မတူတာကတော့ ၅၂၈ မေတ္တာထက်ပိုနေတဲ့ သူငယ်ချင်းနှစ်ယောက်ရဲ့ မေတ္တာတရား၊ စွန့်လွှတ်အနစ်နာခံမှုတွေ၊ အနိုင်ယူသိမ်းပိုက်လိုမှုတွေကို မြင်ရမှာပါ"ဟု သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြသည်။

နှလုံးသားရဲ့အခြားတစ်ဖက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ ဘုန်းမင်းနေလ၊ မှူးထိပ်ထား၊ ဟေလရီစိုး၊ ဩဂတ်စ်မိုးတို့အပြင် ဇာတ်ပို့သရုပ်ဆောင်များဖြစ်သည့် ခင်မို့မို့အေး၊ မိုခမ်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# မြန်မာ့ရိုးရာဓလေ့ ဇာတ်လမ်းတိုပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာဓလေ့ ဇာတ်လမ်းတိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗဟိုအလုပ်အမှုဆောင် သရုပ်ဆောင် ရန်အောင်က ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၈ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါအခမ်းအနားတွင် မြန်မာ့ရိုးရာဓလေ့ ဇာတ်လမ်းတိုပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် ဇာတ်လမ်းတို ဖန်တီးထုတ်လုပ်သူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



"၁၉၄၆ ခုနှစ် မတ် ၈ ရက်က စတင်တည်ထောင်ခဲ့တဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဟာ ၂၀၂၄ ခုနှစ် မတ် ၈ ရက်မှာ ၇၈ နှစ် ပြည့်မြောက်ပြီဖြစ်ပါတယ်။ ဒီအခမ်းအနားမှာ မြန်မာ့ရိုးရာဓလေ့ ဇာတ်လမ်းတိုပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ စုစုပေါင်းဇာတ်လမ်းတို ကိုးခုကို အမှတ်တရဆုတွေ ပေးအပ်ချီးမြှင့်ပေးခဲ့ပါတယ်"ဟု သရုပ်ဆောင် ရန်အောင်က ပြောပြသည်။

မြန်မာ့ရိုးရာဓလေ့ ဇာတ်လမ်းတိုပြိုင်ပွဲတွင် ဆင်စွယ်ကကြိုး၊ ရိုးရာပျော်ဆင်ပွဲတော်၊ တဒင်္ဂပိတောက်၊ အဖန်တစ်ရာရိုင်းနှင့် ကံကြမ္မာလှိုင်း၊ ပန်းစေရာ၊ လရောင်ဆမ်းမှ ပွင့်သည့်ပန်း၊ စွဲလမ်းခြင်း၊ သုံးနားညီကြိုဂံ၊ လက်ခုပ်သံနဲ့ ရက်ကန်း ဇာတ်လမ်းတိုတို့ကို ဖန်တီးထုတ်လုပ်သူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၇၈ နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကကြီး ဦးအောင်လွင်၊ ဒါရိုက်တာ ဇော်မြင့်ဦးတို့ တက်ရောက်ကာ မှာတေစကား ပြောကြားခဲ့ပြီး သရုပ်ဆောင်များ၊ ဒါရိုက်တာများနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ASH

# Dune: Part Two ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ရရှိ

**နယူးယောက် မတ် ၉**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Dune: Part Two ဇာတ်ကားသည် ရုံတင်ပြီး ခြောက်ရက်တာကာလအတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ရရှိထားကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

ယခုနှစ် မတ် ၁ ရက်တွင် စတင်ရုံတင်ခဲ့သည့် Dune: Part Two သည် ရုံတင်ပြီး သီတင်းတစ်ပတ်မကြာမီ မတ် ၆ ရက်မှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ထိရရှိခဲ့သည်။

ဝါနာဘရားသားကုမ္ပဏီသည် Dune: Part Two ဇာတ်ကားကို ကမ္ဘာတစ်ဝန်းရုပ်ရှင်ဈေးကွက် ၇၀ ကျော်တို့တွင် ရုံတင်ပြသနေခြင်းဖြစ်ပြီး Dune: Part Two ဇာတ်ကားသည် Dune (2021) သိပ္ပံအက်ရှင်ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Dune: Part Two ဇာတ်ကားကို အမေရိကန်စာရေးဆရာ ဖရင့်ဟားဘတ်၏ Dune ဝတ္ထုကို အခြေခံ၍ ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနော့ကပင် ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား တင်မိုသီချားမက်၊ အော်စတင်ဘတ္တလာ၊ မင်းသမီး ဖလောရင့်ပက်နှင့် ဇန်ဒါးယားတို့ ပါဝင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# Jeanne du Barry ဇာတ်ကားကို ယခုနှစ် မေ ၂ ရက်တွင် ရုံတင်ပြသမည်

**နယူးယောက် မတ် ၉**

ကမ္ဘာကျော်မင်းသား ဂျွန်နီဒက် ပါဝင်သရုပ်ဆောင်ထားသည့် Jeanne du Barry ဇာတ်ကားကို ယခုနှစ် မေ ၂ ရက်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း မတ် ၈ ရက် သတင်းများအရ သိရသည်။

Jeanne du Barry ဇာတ်ကားသည် ၁၈ ရာစုခေတ် ပြင်သစ်ဘုရင် လူဝီ ၁၅ နှင့် ၎င်း၏အပျိုတော် ယန်းဗိုဘာနီရာတို့၏ ဇာတ်လမ်းကို အခြေခံရိုက်ကူးထားသော သမိုင်းနောက်ခံဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ပြီးခဲ့သည့်နှစ်က ကျင်းပခဲ့သော ကိန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ရာ ပရိသတ်အားပေးမှုရရှိခဲ့သည်။

လက်ရှိအချိန်တွင် Jeanne du Barry ဇာတ်ကားကို အမေရိကန်နိုင်ငံအတွင်းရှိ ရုပ်ရှင်ရုံပေါင်း ၅၀၀ တို့၌ လာမည့် မေ ၂ ရက်တွင် စတင်ရုံတင်ပြသရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Jeanne du Barry ဇာတ်ကား ပြင်သစ်ရုပ်ရှင်မင်းသမီးနှင့် ဒါရိုက်တာ မိုင်ဝင်းက ရိုက်ကူးပေးထားပြီး ကိုယ်တိုင်လည်း ပါဝင်ထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျွန်နီဒက်က ပြင်သစ်ဘုရင်လူဝီ ၁၅ အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# Ngwetaung Beach draws record visitors in February: a popular pilgrimage spot


Visitors seen along the Ngwetaung Beach.

**Ngapudaw March 9**

In February, a staggering 36,555 tourists flocked to Ngwetaung Beach, situated near the Mawtinsun Pagoda in Haigyigyun, Ngapudaw Township, Ayeyawady Region.

This picturesque beach has become a favored destination for pilgrims due to its proximity to the Myat Mawtinsun Pagoda. Visitors from Yangon, Nay Pyi Taw, and other regions have been drawn to its pristine shores.

As the summer school holidays approach, even more tourists are expected to visit. The recent surge in popularity is attributed to the beach's serene ambiance and its role as a spiritual retreat. After the 2024 university matriculation exams, an influx of visitors is predicted.

To enhance the experience for beachgoers, local authorities, travel operators, and local people are collaborating to ensure cleanliness, security, and discipline. Their efforts aim to create a convenient and restful environment for all who seek solace by the sea.

Kyaw Kyaw Lin

# Foreign agricultural companies to invest in oil sufficiency through cultivation

**Nay Pyi Taw March 9**

U San Lin, Chairman of Myanmar Oil Dealers Association, said that foreign agricultural companies coordinated with local farmers to invest in cultivation of oil crops in vacant and virgin lands in Myanmar for ensuring oil sufficiency.

Although sesame, sunflower, niger and canola in addition to groundnut are being cultivated across the nation, businesspersons export groundnut to foreign market, rather than production of cooking oil.

Hence, the association negotiates with foreign agricultural companies to invest in cultivation and production of oil crops.

"We invite foreign agricultural companies to invest in cultivation of oil crops such as sunflower. Myanmar has a lot of vacant lands. If they wish to invest in Myanmar, the association will coordinate with authorities to rent the croplands for cultivation and cultivation of oil. If so, foreign businesspersons have to produce cooking oil near the oil crop farms," he explained.

Myanmar annually consumes some 1.2 million tons but the whole country produces some 300,000 tons of oil. So, some 900,000 tons of oil is imported from Malaysia and Indonesia yearly. More than 90 per cent of imported oil comes from Indonesia.

ASH


An oil crop plantation.

# Kyaukmyaung Sub-Township cultivates more than 6,000 acres of pulses and beans this winter

**Shwebo March 9**

According to the Kyaukmyaung Sub-Township Agriculture Department stated that Kyaukmyaung Sub-Township of Shwebo Township in Sagaing Region has so far grown 6,475 acres of pulses and beans this winter.

The sub-township earmarked cultivation of 6,391 acres of pulses and beans this winter of 2023-24 financial year, but it has grown 6,475 acres of pulses and beans exceeding the target cultivation.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department said, "Local farmers cultivated more than 6,400 acres of pulses and beans exceeding the target cultivation of 6,300 acres. Agricultural staff help them systematically use quality strains of beans and apply the techniques of pesticides."

The sub-township planted 1,291 acres of black bean, 1,014 acres of butter bean, 2,875 acres of blue lunatus bean, 411 chick pea, 57 rice bean, 225 white lima bean and 602 acres of lima bean, totalling 6,475 acres.

In winter crop cultivation time of 2023-24 financial year, the sub-township earmarked 1,265 acres of black bean, 1,015 acres of butter bean, 2,872 acres of blue lunatus bean, 330 acres of chick pea, 57 acres of rice bean, 250 acres of white lima and 602 acres of lima, totalling 6,391 acres.

The agriculture department assists local farmers in growing quality strains of beans, applying proper agricultural methods and systematically use fertilizers for having high per-acre yield.

206

# EU pledges to support Tunisia in reform programs, development projects

**Tunis March 9**

The European Union is committed to continuing its support for Tunisia in the implementation of its reform programs and priority development projects, the EU Ambassador to Tunisia Marcus Cornaro said on Friday.

Cornaro made the remarks during his meeting with Tunisian Minister of Economy and Planning Feryel Ouerghi Sebai at the ministry's headquarters in Tunis.

"The EU will support Tunisia in projects, especially in areas of common interest, such as food security, investment, employment, digitization, research and innovation, support for small and medium enterprises, and social protection," a ministry statement quoted Cornaro as saying.

The Tunisian minister expressed her satisfaction with the progress in cooperation at all levels, especially in financial and technical areas. She also called for further strengthening and diversification of the cooperation in the next stage within the framework of common interest.

Xinhua

# Feature: Chinese electric vehicles begin to transform transportation in Ethiopia

**Addis Ababa March 9**

On a typical sunny day in Addis Ababa, the capital of Ethiopia, Adugna Adamu was offering a taxi service from the Bole Airport area to Piazza, the city's atmospheric old town, with one of the electric minibuses that have recently begun plying the streets of the capital.

The introduction of modern electric vehicles (EVs) for public transportation came after the government announced its plan to ban the importation of gasoline or diesel vehicles as part of its efforts to fast-track the transition to electric mobility in the face of a global fuel price hike.

The driver said these electric vehicles are bigger, quieter, and more cost-effective and user-friendly than the conventional minibuses that run on gasoline. "EV owners earn more daily income than owners of conventional minibuses. We charge the EV for 40 minutes during lunchtime and, unlike in the past, we are relieved from fuel expenses and long queues at petrol stations," Adamu told Xinhua in an interview.

Xinhua


A worker assembles an electric minibus at a factory in Addis Ababa, capital of Ethiopia, March 6, 2024.

# Groceries, fruits marketable at Zaygyo Market in Mandalay



Photo shows the spectacular Zaygyo Market in Mandalay City.

**Mandalay March 9**

Trading of groceries and fruits are is active at Mandalay Zaygyo Market, said Chairman of the market board of trustees U Aung Myint Thein.

Zaygyo Market in Mandalay is a focal point of distributing groceries, clothes, personal goods and foodstuffs in addition to fruits and other goods to various parts of upper Myanmar. Starting from the last week of February, groceries and fruits are active at the market.

"Groceries such as dried fish, sausage, tea, instant noodle, chilli, gram and fruits are marketable at Zaygyo Market," the chair explained.

At present, papaya, watermelon, strawberry, orange and other fruits are in good trading at the fruit wing of the market. Likewise, clothes, cosmetics and personal goods which flow from China to Mandalay Zaygyo market is being traded as usual.

"Now, groceries and fruits are the most trading at Zaygyo market in Mandalay, followed by clothes, personal goods and cosmetics as well as varieties of foodstuffs," he added.

Mandalay Zaygyo Market allocates more than 3,000 shops for sales of foodstuffs, clothes, textile, traditional medicines, gold ornaments and other personal and consumer goods as well as groceries. 184

# Farmers in Sagaing Township sow 26,909 acres of winter chickpeas

**Sagaing March 9**

A total of 26,909 acres of winter chickpeas have been planted in Sagaing Township, Sagaing District, Sagaing Region, according to statistics from Department of Agriculture for Sagaing Township.

During the 2023-2024 winter crop planting season, 28,064 acres of winter chickpeas have been earmarked to be planted in Sagaing Township. Since October 2023, 26,909 acres have been planted.

"To improve the quality, we are cooperating with the farmers to provide good quality seeds, inputs, post-harvest technology, etc.," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

One acre of chickpeas costs more than 300,000 kyats.

Last year, when the winter crop was planted in Sagaing Township, chickpea cultivation began in October 2022. It is said that 28,064 acres were cultivated until December.



A chickpea plantation.

At the time of this year's winter crop planting, in the cultivation of bean and pulses, they are working together with the farmers to provide the good varieties needed for good yield and quality of pulses, inputs and technology after the harvest time. 206

# More than 3,000 commercial livestock farms in operation with high technology in Mandalay Region

**Mandalay March 9**

Necessary technologies have been provided for more than 3,100 commercial livestock farms in Mandalay Region, said Dr Khin Zaw, Head of Mandalay Region Livestock Breeding and Veterinary Department.

Relevant township departments help local businesspersons in operating livestock farms in line with the Good Animal Husbandry Practice (GAHP) through training courses, services and technology. Such an act aims to narrow gap between the urban and rural areas in development.

"The departments help local livestock farmers have GSHP techniques and create job opportunities for local people. Moreover, necessary techniques are being provided for those breeders," he explained.

There are more than 3,100 livestock breeding farms including 180 domestic oxen farms, 50 dairy cow farms, more than 260 pig farms, more than 450 goat farms, 1,016 layers' farms, 1,070 broilers' farms, 10 domestic chicken farms, more than 30 quail farms, two domestic duck farms and 100 duck layers' farms. 185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers in Taze Township sow over 1,700 acres of winter vegetables

**Taze March 9**

More than 1,700 acres of vegetables have been planted in Taze Township, YeU District, Sagaing Region, according to statistics from the Department of Agriculture for YeU District.

During the 2023-2024 winter crop planting season, 1,001 acres of vegetables have been earmarked for planting in Taze Township. Since October 2023, 1,725 acres have been planted.

"We are providing technology to vegetable growers so that they can grow all the vegetables they grow with the GAP system. We are giving farmers the technology to grow all the vegetables they grow in a way that minimizes chemical residues and is suitable for health," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

It is said that the department for the township is providing technical training for planting with the GAP system, providing techniques to make the vegetables produced from the plantations into healthy crops, and providing services for the growers to expand the cultivation of vegetables.

206



A vegetable plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက FPV ဒရုန်းများကိုတန်ပြန်နိုင်သည့် Groza.04.K တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်ကို တီထွင်ဖန်တီးနိုင်ခဲ့



ရုရှားနိုင်ငံ Novgorod အခြေစိုက် Kvant Research and Production Enterprise မှ အင်ဂျင်နီယာများသည် ရန်သူ FPV ဒရုန်းများကို တိုက်ထုတ်ရန်အတွက် Groza.04.K (ရုရှားဘာသာဖြင့် “Thunderstorm.04.K”) ဟု လူသိများသော ပေါ့ပါးကျစ်လျစ်ပြီး သယ်ဆောင်ရလွယ်ကူသော ဒရုန်းကာကွယ်ရေးစနစ်သစ်ကို တီထွင်ဖန်တီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ Sputnik သတင်းဌာနက မတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

FPV ဒရုန်းသည် Kamikaze ဒရုန်းတိုက်ခိုက်မှုများ၊ ဗုံးကြဲချခြင်းများ၊ အီလက်ထရွန်နစ်နှင့် Optoelectronic ထောက်လှမ်းခြင်းအတွက် အသုံးပြုသည့် ဒရုန်းအမျိုးအစားအသစ်ဖြစ်ပြီး ရန်သူတိုက်ခိုက်မှုအတွင်း မိတ်ဖက်ရေဒါနှင့် ဒုံးကျည်စနစ်များအတွက် လှည့်စားမှုများအဖြစ် လုပ်ဆောင်ရန်လည်း အသုံးပြုလေ့ရှိကြသည်။

ရုရှားနိုင်ငံသည် Groza.04.K တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်သစ်ကို အချိန်တိုအတွင်း စံချိန်တင်တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ သယ်ဆောင်ရလွယ်ကူသော အဆိုပါ FPV တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်ကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့ကြောင်း၊ ထုတ်လုပ်ပြီးစနစ်ကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် လက်တွေ့စမ်းသပ်မှုများပြုလုပ်နိုင်ရန် ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း Kvant ညွှန်ကြားရေးမှူးချုပ် Andrey Kondrashov က ပြောကြားခဲ့သည်။

Kondrashov ၏အဆိုအရ တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်သစ်တွင် ထူးခြားသော ဒီဇိုင်းတည်ဆောက်မှုများပါရှိသည့်အပြင် ယာဉ် သို့မဟုတ် ခြေလျင်စစ်သည် တစ်ဦးတည်းလွယ်လွယ်ကူကူ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်ကို တွေ့မြင်ရသည်။

၎င်းသည် စစ်ဘက်သုံးကြိမ်နှုန်းများတွင် လုပ်ဆောင်နေသော ဒုံးကျည်များ၊ လေယာဉ်များနှင့် ရဟတ်ယာဉ်များကဲ့သို့ ကြီးမားကျယ်ပြန့်၍ နည်းပညာမြင့် ဒေါ်လာသန်းပေါင်းများစွာတန်သော လက်နက်စနစ်များကိုတန်ပြန်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် သမားရိုးကျ ရေဒီယိုနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး Jamming စနစ်များအတွက် နှောင့်ယှက်ဖျက်ဆီးမှုများပြုလုပ်ဆောင်ရွက်ရန် ခက်ခဲစေသည်။ ကုန်ကျစရိတ်ပိုင်းအရ ကြည့်မည်ဆိုလျှင်လည်း လက်လုပ် FPV ဒရုန်းများအတွက် တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၅၀၀ ဖြင့် စိတ်ကြိုက်ဖန်တီးနိုင်မည်ဖြစ်သည်။

Groza.04.K တန်ပြန်ဒရုန်းကာကွယ်ရေးစနစ်သည် ယာဉ်ပေါ်တွင်တင်ဆောင်နိုင်ခြင်း သို့မဟုတ် ခြေလျင်စစ်သည်မှ အလွယ်တကူသယ်ဆောင်သွားနိုင်ခြင်းတို့ကြောင့် FPV ဒရုန်း တန်ပြန်တိုက်ခိုက်မှုများမလုပ်ဆောင်မီ မိမိစနစ်ကိုတန်ပြန်ပစ်မှတ်ထား တိုက်ခိုက်ခံရနိုင်မှုနည်းပါးသည်။ Groza.04.K စနစ်၏ ပါဝါသုံးစွဲမှုကို မသိရှိသေးပါ။ စစ်မြေပြင်တွင် အကောင်းဆုံး၊ စစ်ဘက်သုံး Jammers များသည် အပူလွန်ကဲနိုင်ပြီး လှုပ်ရှားစစ်ကစားနိုင်ရန်အတွက် အပိုဘက်ထရီများ လိုအပ်မည်ဖြစ်သည်။ စနစ်သစ်ကို ပါဝါရင်းမြစ်တွင် ဆက်တိုက်အားသွင်းထားနိုင်လျှင် ၎င်း၏လည်ပတ်နိုင်မှုကြာချိန်တိုးတက်လာမည်ဖြစ်သည်။ ရုရှားတပ်ဖွဲ့များအတွက်မှ နောက်ထပ်ဖြစ်နိုင်ခြေရှိသော ပြဿနာမှာ ယူကရိန်းစစ်မြေပြင်၏ ဧရိယာကြီးမားကျယ်ပြန့်မှုဖြစ်သည်။ ထို့ကြောင့် ဖြန့်ကြက်အသုံးပြုနိုင်သော Jammers အရေအတွက်များလေ ကောင်းလေဖြစ်သလို နှောင့်ယှက်ဖိဖျက်နိုင်မှု (Jamming) အကွာအဝေးပိုများလေ ပိုကောင်းလေဖြစ်ကြောင်း သိရသည်။

**What We Know About Russia’s New Groza.04.K Man-Portable Anti-FPV Drone System ကို ဘာသာပြန်ဆိုထားပါသည်။**

## အီရန်နိုင်ငံက Shahed-149 Gaza ဒရုန်းများကို DIMDEX 2024 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသ

မတ် ၄ ရက်မှ ၆ ရက်ထိကျင်းပနေသည့် DIMDEX 2024 ကာကွယ်ရေးပြပွဲတွင် အီရန်နိုင်ငံသည် Shahed-149 Gaza ဒရုန်းများကို ထုတ်ဖော်ပြသခဲ့ကြောင်း Army Recognition သတင်းဌာန၏ မတ် ၆ ရက် ရေးသားသော အစီရင်ခံချက်များအရ သိရသည်။

ကာတာတွင် ကာကွယ်ရေးပိုင်း၌ ခိုင်မာသောရပ်တည်မှုဖြင့် ရပ်တည်နေသော အီရန်နိုင်ငံသည် Shahed-149 Gaza ဒရုန်းအပါအဝင် စစ်လက်နက်အမျိုးစုံစွာပြသခဲ့သည်။

အီရန်နိုင်ငံ Shahed 149 Gaza တိုက်ခိုက်ရေးဒရုန်းကို ၂၀၂၁ ခုနှစ် မေ ၂၁ ရက်တွင် တရားဝင်မိတ်ဆက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အီရန်နိုင်ငံ အစွလာမ့်တော်လှန်ရေးအစောင့်တပ်၊ လေကြောင်းနှင့် အာကာသတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ အမေရိကန်ထုတ် MQ-9 Reaper နှင့် အရွယ်အစား၊ လုပ်ဆောင်ချက်နှိုင်းယှဉ်နိုင်သော ၎င်းတိုက်ခိုက်ရေးဒရုန်းကို Shahed 129 ဗားရှင်းမှ အဆင့်မြှင့်တင် ထုတ်လုပ်ထားခြင်းဖြစ်ပြီး အမြင့်ပျံ၊ လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်သည့် ဒရုန်းအမျိုးအစားအဖြစ်သတ်မှတ်ထားသည်။ တောင်ပံအရှည် ၂၁ မီတာ၊ ဒရုန်းကိုယ်ထည်အလျား ၁၀ မီတာ၊ အမြင့်လေးမီတာရှိသည်။ အခြေခံအားဖြင့် ဆီတိုင်ကီအလွတ် အလေးချိန်သည် ကီလိုဂရမ် ၁၇၄၀ ရှိပြီး ပျံသန်းချိန်တွင် ကီလိုဂရမ် ၃၇၄၀ ရှိသည်။ ဒရုန်းတွင် အများဆုံး ဝင်ဆံ့နိုင်သောလောင်စာဆီပမာဏမှာ ကီလိုဂရမ် ၁၅၀၀ ဖြစ်ပြီး Payload တင်ဆောင်နိုင်မှုအလေးချိန် ကီလိုဂရမ် ၅၀၀ ဖြစ်သည်။ Gaza တိုက်ခိုက်ရေးဒရုန်းတွင် မြင်းကောင်ရေ ၇၅၀ အားရှိသော Turboprop အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး အမြင့်ဆုံး အမြန်နှုန်းတစ်နာရီ ကီလိုမီတာ ၃၅၀ နှင့် ပုံမှန်အလျင်နှုန်းမှာ တစ်နာရီ ၂၁၅ ကီလိုမီတာဖြစ်သည်။ လေထဲတွင် အကြာဆုံးပျံသန်းနေနိုင်မှုမှာ ၂၅ နာရီနှင့် အမြင့်ပေ ၃၅၀၀၀ ထိ ရောက်ရှိပျံသန်းနိုင်စွမ်းရှိသည်။

လက်နက်တပ်ဆင်မှု စွမ်းရည်အရ Shahed 149 Gaza တိုက်ခိုက်ရေးဒရုန်းသည် အတွင်းခန်းဖွဲ့စည်းပုံနှင့် လှည့်ပတ်ထားသော လက်နက်ပစ်လွှတ်နိုင်သည့် ကိရိယာတို့ပါရှိသည့်အတွက် ဗုံး ၁၃ လုံးနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ကီလိုဂရမ် ၅၀၀ ထိသယ်ဆောင်နိုင်မည်ဖြစ်သည်။

Tasnim News သတင်းဌာနမှ စစ်သတင်းထောက်တစ်ဦးက အဆိုပါတိုက်ခိုက်ရေးဒရုန်းကို Twitter လူမှုကွန်ရက်တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၃ ရက်၌ ပထမဆုံးထုတ်ဖော်ပြသခဲ့သည်။ အီရန်နိုင်ငံက ၂၀၂၁ခုနှစ် မေလတွင် တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး တပ်ဖြန့်အသုံးမပြုမီ ၂၀၂၂ ခုနှစ် ဧပြီလတွင် ပျံသန်းစမ်းသပ်မှုများကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့သည်။

Shahed 149 Gaza ဒရုန်း၏ Avionics Suite လေကြောင်းနည်းပညာများတွင် Electro-Optical၊ Infrared Sensors များ၊ မြင်ကွင်းချဲ့၊ ချုံ့နိုင်စွမ်းမြင့်မားကောင်းမွန်သော နေ့ကြည့်ကင်မရာ၊ Thermal Imager ကင်မရာ၊ လေဆာအကွာအဝေးရှာကိရိယာနှင့် အသွားအပြန်အကွာအဝေး ကီလိုမီတာ ၅၀၀ အတွင်း ပတ်ဝန်းကျင်အခြေအနေစောင့်ကြည့်ရေးတို့ ပါဝင်သည်။ ထူးခြားချက်မှာ ကီလိုမီတာ ၅၀၀ ထိ ကိုယ်ပျောက်လေယာဉ်ကို ထောက်လှမ်းနိုင်စွမ်းရှိမည်ဖြစ်ပြီး ဂြိုဟ်တုဆက်သွယ်ရေး အင်တင်နာတစ်ခုတပ်ဆင်ရန်သာ လိုအပ်သည်။

အီရန်သည် လေတပ်၏ အားနည်းချက်၊ ချို့ယွင်းချက်များကိုဖြေရှင်းရန် ဒရုန်းနည်းပညာများကို အာရုံစိုက်ခြင်းဖြင့် ဆယ်စုနှစ်များအတွင်း စစ်ဘက်သုံးတေသနဖွံ့ဖြိုးတိုးတက်ရေးတွင် အမြောက်အမြားရင်းနှီးမြှုပ်နှံ၍ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ အထူးသဖြင့် ၁၉၈၀ ပြည့်နှစ် အီရန်-အီရတ် စစ်ပွဲအပြီးတွင် ဒရုန်းများကိုအချိန်နှင့်အမျှ ပိုမိုအာရုံစိုက်တီထွင်၊ ထုတ်လုပ်၊ စမ်းသပ်လာခဲ့ကြပြီး အကန့်အသတ်ရှိသော လူစွမ်းအားနှင့်စက်ပစ္စည်းအရင်းအမြစ်များကိုထိန်းသိမ်းရန်လိုအပ်ကြောင်းမီးမောင်းထိုးပြခဲ့သည်။

နောက်ထပ် အရေးကြီးသောအချက်တစ်ချက်မှာ အီရန်နိုင်ငံ၏ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှုဖြစ်သည်။ အထူးသဖြင့် သိမ်းဆည်းရမိသော သို့မဟုတ် ပစ်ချခံရသောနိုင်ငံခြားဖြစ်ဒရုန်းများကို လေ့လာဆည်းပူးခြင်းဖြင့် အီရန်သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများသည် ၎င်းတို့၏ကိုယ်ပိုင်နည်းပညာဖြင့် ပြည်တွင်း၌ ဒရုန်းများကိုတီထွင်ထုတ်လုပ်နိုင်ခဲ့ကြသည်။




အဆိုပါ ဒရုန်းများ၏ ထိရောက်မှုကို အီရန်နိုင်ငံအတွင်းသာမက ရုရှား၏ ယူကရိန်း အထူးစစ်ဆင်ရေးတွင်မှာပါ သက်သေပြနိုင်ခဲ့သည်။ ရုရှားနိုင်ငံက အီရန်ထုတ် တိုက်ခိုက်ရေးဒရုန်းများကို တိုက်ပွဲများတွင် ထိရောက်စွာအသုံးပြုနိုင်ရုံမျှမက ပြည်တွင်းထုတ်ဗားရှင်းများအဖြစ်ပါ ထုတ်လုပ်လာနိုင်ခဲ့ရာ စစ်မြေပြင်တွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်ခဲ့သည်။ ၎င်းအချက်က အီရန်နိုင်ငံကို ပကတိစစ်မြေပြင်ပတ်ဝန်းကျင်အခြေအနေများတွင် အီရန်နိုင်ငံထုတ်တိုက်ခိုက်ရေးဒရုန်းများ၏ စွမ်းဆောင်ရည်များကို စမ်းသပ်နိုင်စေရုံသာမက ဒရုန်းများ၏ တိုက်ပွဲဝင်ထိရောက်မှုကို မိတ်ဖက်ဖောက်သည်နိုင်ငံများထံမှ ဝယ်ယူအသုံးပြုနိုင်မည့် အခွင့်အရေးကိုလည်းရရှိနိုင်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးအချက်အနေဖြင့် ရုရှားနှင့်အထူးသဖြင့် ဒေသတွင်းရော နိုင်ငံတကာမဟာမိတ်နိုင်ငံများနှင့်ပါ ဆက်ဆံရေးခိုင်မာအားကောင်းလာစေရန် အီရန်နိုင်ငံက ဒရုန်းများကို သံတမန်နည်းလမ်းအဖြစ်အသုံးပြုနိုင်ခဲ့သေးသည်။ ၎င်းချဉ်းကပ်လုပ်ဆောင်မှုနည်းလမ်းသည် အီရန်နိုင်ငံနှင့် အလားတူ လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများရှိနေသည့်နိုင်ငံများကြား ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်စေပြီး ဒရုန်းတင်ပို့ရောင်းချနိုင်မှုအတွက် အခွင့်အလမ်းသစ်များကို ရှာဖွေနိုင်စေခဲ့ပြီဖြစ်သည်။

**Iran unveils Shahed-149 Gaza combat drone for first time at DIMDEX 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်း ၄၂၃၄ ဧက ရိတ်သိမ်းပြီးစီး



**မုံရွာ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်း ၄၂၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၂၃၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ပူးစားပြောင်းတစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပူးစားပြောင်း ၄၂၃၄ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၄၅၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၄၂၃၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ပူးစားပြောင်းစိုက်ပျိုးခြင်းအားဖြင့် ပြောင်းဖူးရောင်းချရသည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်အစာအဖြစ်ပါ ရောင်းချရသောကြောင့် တောင်သူများ ဝင်ငွေပိုရရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ပူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်အသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းပန်မြို့နယ် မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် မတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့် တာဝန်ရှိသူများက မိုင်းပန်မြို့နယ် မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မိုက်ပုတ်ကျေးရွာ



မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများမဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် မိုက်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

# မင်းလှမြို့နယ် စက်စက်ယိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်စက်ယိုကျေးရွာ၌ (၁၁) ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စက်စက်ယိုကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့်ကျေးရွာစိတ်ဓာတ်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စက်စက်ယိုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စက်စက်ယိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၅၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကိုးဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို ငွေကျပ် ၇၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကို လက်ခံတွေ့ဆုံ



**ရန်ကုန် မတ် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အီတလီနိုင်ငံ University of March မှ ရေအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr.Massimo Sarti ကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးဦးစီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ)အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများတွင် ရေဝပ်ရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် နောင်အလားတူ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ရှေးဟောင်းအဆောက်အအုံများ မထိခိုက်စေရန်အတွက် ရေလမ်းကြောင်းနှင့် ရေကန်များရှိ ပို့ချနေသောအနည်များကို ဖယ်ရှား၍ တူးဖော်ထိန်းသိမ်း ပြုပြင်ရန်၊ ရေဝင်၊ ရေထွက်လမ်းကြောင်းများ မြေပုံရေးဆွဲရန်၊ ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရေကန်၊ဆည်များ ပြန်လည်တူးဖော်ရန်၊ ရေကန်များ၊ ချောင်းများ အပြန်အလှန်ချိတ်ဆက်မှုမရှိသည့်အတွက် ပြန်လည်သက်ဝင်လှုပ်ရှားလာအောင် ဆောင်ရွက်ရန်၊ ရှေးဟောင်းရေကန်များ တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လျာထားစီမံဆောင်ရွက်ထားရှိမှု၊ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ပုဂံခေတ်ရေစီမံခန့်ခွဲမှုနှင့် ရှေးဟောင်းရေကန်နှင့်ရေလမ်းကြောင်းများ၊ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနေမှုများကို ကွင်းဆင်းလေ့လာအကြံပြုသွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များ ပွင့်လန်းစေမည့် ငှက်ပျောချည်တန်ဖိုးမြင့်ထုတ်ကုန်သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီမြို့နယ် ညောင်နှစ်ပင် အထူးစိုက်ပျိုးမွေးမြူရေးဇုန်(၂)ရှိ ရတနာရွှေမိုးစိုက်ပျိုးရေးဥယျာဉ်၌ ဖွင့်လှစ်သည့် ငှက်ပျောချည်မှ တန်ဖိုးမြင့်ထုတ်ကုန်သင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငှက်ပျောချည်မှထုတ်လုပ်သော တန်ဖိုးမြင့်ထုတ်ကုန်များကို လိုက်လံကြည့်ရှုပြီး သင်တန်းသားများနှင့်တွေ့ဆုံကာ နိုင်ငံတော်အနေဖြင့် ပြည်တွင်းထုတ်ကုန်များကို သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်နိုင်ရန် အားပေးကူညီလျက်ရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အပံ့ဖြစ်စေပြီး တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်မှုမြင့်မားလာပါက ရန်ကုန်မြို့၏ စည်ကားရာနေရာများနှင့် နိုင်ငံခြားသားလည်ပတ်မှုများသောနေရာတို့တွင် ပြသရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အများစိတ်ဝင်စားသော ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဈေးကွက်၏ သဘောသဘာဝကို သိရှိပြီး မိမိထုတ်ကုန်ကို နည်းမှန်လမ်းမှန်ထုတ်လုပ်ချပြနိုင်ရန်လိုကြောင်းဖြင့် ပြောကြားပြီး သင်တန်းသားများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယခုဖွင့်လှစ်သောသင်တန်းကိုငှက်ပျောပင်မှ စွန့်ပစ်ပစ္စည်းများကိုအခြေခံ၍ လက်မှုစီးပွားလုပ်ကိုင်လိုသူများ၊ ငှက်ပျောစိုက်တောင်သူများနှင့် အမျိုးသမီးများ၊အိမ်တွင်းလက်မှုလုပ်ငန်းအဖြစ် စီးပွားရေးအခွင့်အလမ်းသစ်များရရှိစေရန်၊ မြန်မာ့လက်မှုပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တန်ဖိုးထားတတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်း၌ငှက်ပျောပင်မှ ချည်ထုတ်ခြင်း၊ ငှက်ပျောစက္ကူထုတ်ခြင်း၊ ဖိနပ်၊ ဖျာ၊ အိတ်မျိုးစုံနှင့် ဦးထုပ်မျိုးစုံထုတ်လုပ်ခြင်းတို့ကို လက်တွေ့လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ အဆိုပါ သင်တန်းကို မတ် ၉ ရက်မှ ၁၇ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ပိတ်ရက်မရှိ Green Banana Myanmar Group မှ သင်ကြားပေးသွားမည်ဖြစ်ရာ အခြေခံသင်တန်းပြီးဆုံးပါက အဆင့်မြင့်သင်တန်းဖြစ်သော ငှက်ပျောချည်ဖြင့် ရက်ကန်းရက်ခြင်း၊ ဂျပ်ခုတ်ရက်ခြင်း၊ ချည်ထုတ်ယူခြင်း၊ ပိတ်စထုတ်ခြင်း၊ ပဝါထုတ်ယူခြင်းစသည့် နည်းပညာရပ်များကိုလည်း ၁၅ ရက်တာ လေ့ကျင့်သင်ကြားပေးသွားရန် ပြင်ဆင်ထားကြောင်း သိရသည်။



နိုင်ငံတစ်ဝန်း၌ ငှက်ပျောစိုက်ဧကသိန်းချီစိုက်ပျိုးလျက်ရှိပြီး ငှက်ပျောချည်မှ တန်ဖိုးမြင့်ထုတ်ကုန်များ ပြည်တွင်း၊ ပြည်ပလိုအပ်မှုနှင့်အညီ ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်က အားပေးကူညီလျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည့်အပြင် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းသစ်များစွာ ပွင့်လန်းလာမည်ဖြစ်သည်။ ပြည်ပနိုင်ငံများတွင် ငှက်ပျောလျှော်မှ အသံအလုံခန်းတွင်အသုံးပြုသည့်စက္ကူ၊ ရေစိုခံစက္ကူနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ထုတ်လုပ်အသုံးပြုလျက်ရှိရာ မြန်မာနိုင်ငံမှ ငှက်ပျောချည်ထုတ်လုပ်သူများကလည်း တီထွင်ကြံဆမှုနှင့်အတူ အခြားသောနိုင်ငံများနှင့် ရင်ပေါင်တန်းထုတ်လုပ်နိုင်ရန် စိတ်အားထက်သန်လျက် ပြည်ပပို့ကုန်နှင့် ပြည်တွင်းဖြစ်ကို အားပေးထုတ်လုပ်နိုင်မည့် အခွင့်အလမ်းများစွာလည်း စောင့်ကြိုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေး



**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီ ပရိဝုဏ်အတွင်း၊ အပြင်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါနေရာများသို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် စက်ယန္တရားတို့ဖြင့် တက်ညီလက်ညီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမြို့နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများ၊ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



အနောက်တောင်တိုင်းစစ်ဌာနချုပ် (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၉**

အနောက်တောင်တိုင်း စစ်ဌာနချုပ် (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားအဆင့် အဆင့်လေးဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုသူများ၏ ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များကို လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို အသီးသီး ချီးမြှင့်ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်စဉ်။

# ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ



နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက ဖျော်ဖြေရေးအဖွဲ့သူ၊ အဖွဲ့သားများကို ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် တပ်နယ်များအလိုက် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက ကလေးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွပါဝင်သီဆိုကြသည်။ ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ၊ အဖွဲ့သားများကို နယ်မြေခံတပ်များမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။





စစ်ကိုင်းတိုင်းဒေသကြီး ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)မှ အဖွဲ့သူ၊အဖွဲ့သားများက သီဆိုကပြဖျော်ဖြေကြစဉ်။

# ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ အပိုင်း(၆)



မင်္ဂလာပါရှင် ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေတဲ့နိုင်ငံတွေအကြောင်းကို တင်ဆက်ပေးနေတဲ့ ဗိုလ်ကြီး ဒေါ်အေးသဉ္ဇာကျော်ဖြစ်ပါတယ်ရှင်။ဒီတစ်ခါ ကျွန်မရွေးချယ်ထားတဲ့ နိုင်ငံလေးကတော့ ဆွစ်ဇာလန်နိုင်ငံပဲဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံဟာ ဥရောပတိုက်မှာတည်ရှိတာဖြစ်ပြီး တောင်ပတ်လည်ဝန်းရံနေတဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ သူ့ရဲ့အိမ်နီးချင်းနိုင်ငံတွေကတော့ အီတလီ၊ ဂျာမနီ၊ ဩစတြီးယားနဲ့ပြင်သစ်နိုင်ငံတို့ဖြစ်ကြပါတယ်။ဒီဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာ့အလှဆုံးနိုင်ငံတွေထဲမှာပါဝင်တဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အပြင် သန့်ရှင်းသပ်ရပ်မှုရှိတဲ့နိုင်ငံတစ်ခု၊အချိန်ကိုလည်း အတော်လေး လေးစားတဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံဟာ သူတို့ရဲ့ပြည်သူ့စစ်မှုထမ်းဥပဒေကို ၁၉၉၉ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တာဖြစ်ပါတယ်။ အသက်အရွယ်အပိုင်းအခြားအနေနဲ့ကတော့ အသက် ၁၈ နှစ်ကနေ ၃၅ နှစ်ကြား အမျိုးသားတွေက အခြေခံစစ်သင်တန်း ၁၈ ပတ်အပါအဝင် ၂၁ ပတ်ထမ်းဆောင်ရတာဖြစ်ပါတယ်။ သင်တန်းဆင်းပြီးတဲ့အချိန်မှာတော့ သူတို့ဟာ သုံးပတ် တပ်သားအဖြစ်နဲ့ တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ ဒီစစ်မှုထမ်းရတဲ့ ကာလဟာ ၂၁ ပတ်ပဲရှိတာဖြစ်တဲ့အတွက် သူတို့ကိုတော့ သီးခြားတာဝန်တွေ ခွဲဝေချထားပေးခြင်းတွေ မရှိပါဘူး။ ဒီ ၂၁ ပတ်တာဝန်ထမ်းဆောင်ပြီးတဲ့အချိန်မှာ ဆက်လက်တာဝန်ထမ်းဆောင်ချင်စိတ်ရှိတယ်ဆိုရင် အရန်စစ်မှုထမ်းအဖြစ်သို့ ဆန္ဒပြုလျှောက်ထားနိုင်ပါတယ်။ အရန်စစ်မှုထမ်းအဖြစ်သို့ ရွေးချယ်တဲ့အချိန်မှာလည်း စစ်မှုမထမ်းမနေရစနစ်ထဲကမှ ၁၅ ရာခိုင်နှုန်းလောက်ကိုပဲ ရွေးချယ်တာဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့သူတွေကတော့ တန်းမြင့်သင်တန်းတွေကိုတက်ရောက်ခွင့်ရပြီးတော့ အဆင့်ရာထူးတွေတိုးမြင့်သွားကြတာဖြစ်ပါတယ်။ သင်တန်းကာလအနေနဲ့ကတော့ တပ်ကြပ်အဆင့်နဲ့ဆိုရင် ငါးပတ်၊တပ်ကြပ်ကြီးအဆင့်နဲ့ဆိုရင် ခြောက်ပတ်၊ တန်းပြည့်စစ်မှုထမ်းချိန်ကတော့ ရှစ်ပတ်၊ တပ်ခွဲတပ်ကြပ်ကြီးအဆင့်နဲ့ဆိုရင် ၁၄ ပတ်နဲ့ ရှေ့တန်းစစ်ဆင်ရေးတာဝန်တွေအတွက် ၁၅ ပတ်ဆိုပြီးတော့ သတ်မှတ်ထားတာဖြစ်ပါတယ်။ ဗိုလ်အဆင့်အတွက်လည်း စာမေးပွဲတွေနဲ့လက်တွေ့စစ်ဆေးခြင်းတွေရှိပါတယ်။ ဗိုလ်အဆင့်အတွက်ဆိုရင် သင်တန်းကာလအားဖြင့် လေးပတ်တက်ရောက်ရတာဖြစ်ပြီးတော့ သူတို့ဟာ ရက်သတ္တပတ်ပေါင်း ၃၀ ကြာတာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။အဲ့ဒီအရန်စစ်မှုထမ်းတွေကို တာဝန်ပေးအပ်မှုအနေနဲ့ကတော့ ငြိမ်းချမ်းရေးကိုလုပ်ဆောင်နေတဲ့ တပ်ရင်း၊တပ်ဖွဲ့တွေ၊ ပြည်တွင်းမှာရှိတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေမှာ သူတို့ရဲ့ ကျွမ်းကျင်မှုအရည်အချင်းရယ်၊ သူတို့စိတ်ပါဝင်စားမှုပေါ်မှာမူတည်ပြီးတော့ တာဝန်တွေကို ခွဲဝေနေရာချထားပေးတာဖြစ်ပါတယ်။ အရန်စစ်မှုထမ်းအဖြစ်နဲ့ တာဝန်ထမ်းဆောင်လိုသူတွေဟာ သူတို့တပ်သားသစ်အဖြစ်နဲ့ တပ်ဝင်စစ်ဆေးစဉ်ကတည်းကိုက စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်းအဆင့်မှာ သူတို့ဘယ်တပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်ချင်တယ်ဆိုတာကို ဒီစစ်ဆေးရေးဘုတ်အဖွဲ့နဲ့အတူ တိုင်ပင်ဆွေးနွေးနိုင်တာဖြစ်ပါတယ်။

အခုကျွန်မတင်ဆက်ပေးတာကတော့ ဆွစ်ဇာလန်နိုင်ငံရဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းပဲဖြစ်ပါတယ်ရှင်။ နိဂုံးချုပ်အနေနဲ့ ကျွန်မပြောချင်တာကတော့ နိုင်ငံသူနိုင်ငံသားတိုင်းမှာ ကိုယ်ချင်းစာတရားရှိရမှာဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ဝေဖန်လေကန်ဖို့၊ ဘေးထိုင်ဘုပြောဖို့ကိုတော့လုပ်ဆောင်နိုင်ကြပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ကြတော့မယ်ဆိုရင်တော့ လက်ရှောင်တတ်တာများပါတယ်။ အခုမြန်မာနိုင်ငံမှာလည်း ဒီပြည်သူ့စစ်မှုထမ်းဥပဒေပေါ်ထွက်လာတာနဲ့ပတ်သက်ပြီးတော့ ကြိုဆိုထောက်ခံတဲ့သူတွေလည်းရှိသလို၊ ဆန့်ကျင်ကန့်ကွက်တဲ့သူတွေလည်းရှိပါတယ်။ တချို့တွေက ပြည်သူတွေစိုးရိမ်မှုမြင့်တက်လာအောင်လို့ သတင်းတု၊ သတင်းမှားတွေဖြန့်ချိကြပါတယ်။ ဒီလိုမျိုးတွေနဲ့ပတ်သက်ပြီး ကျွန်မရှင်းလင်းတင်ပြချင်တာက နိုင်ငံတော်မှာလည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့အတွက် သတ်မှတ်အသက်အပိုင်းအခြားအလိုက် သင့်တော်လျောက်ပတ်တဲ့အင်အားကိုသာ တာဝန်ပေးထမ်းဆောင်စေမှာဖြစ်ပါတယ်။မိမိနိုင်ငံကို မိမိကာကွယ်ဖို့ဆိုတာဟာ နိုင်ငံသားတိုင်းရဲ့မွေးရာပါတာဝန်တစ်ရပ်ဖြစ်တဲ့အတွက် ကျွန်မတို့ဟာ သတင်းတု၊ သတင်းမှားတွေမှာ နားမယောင်ဖို့၊ သတင်းတု၊ သတင်းမှားတွေကို မယုံကြည်ကြဖို့အထူးပဲလိုအပ်ပါတယ်။ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမယ့်နိုင်ငံသားတွေအနေနဲ့ ဆုံးဖြတ်ချက်တွေမှန်ကန်ပြီးတော့ လျှောက်တဲ့လမ်းတိုင်း ဖြောင့်တန်းစေဖို့ တိုက်တွန်းရင်းနဲ့ ဒီအစီအစဉ်လေးကို ဒီမှာပဲ နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

# မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလားကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး




**နေပြည်တော် မတ် ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြောင်းမြမြို့နယ် ပြင်ရွာတိုက်နယ်နှင့် လပွတ်ကုလားကျေးရွာကို ဆက်သွယ်ပေးမည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၆၅၅ ဒသမ ၁၄၄ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးနှင့်အခြေခံလူမှုစီးပွားဘဝတိုးတက်စေရေးအတွက်ရည်ရွယ်ပြီး အဆိုပါလမ်းကို စီမံကိန်းရေးဆွဲ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းသည် ယခင်သွားလာရန်ခက်ခဲသော ကျောက်ကြမ်းလမ်းဖြစ်ပြီး နှစ်ပေါင်း ၈၀ ကျော်ခန့်က ကျောက်ခင်းထားသော လမ်းတစ်လမ်းဖြစ်ပြီး လမ်းတစ်လျှောက်တွင် ကျေးရွာများတည်ရှိကာ ရှေးဟောင်းယဉ်ကျေးမှုဦးစီးဌာန၏ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသော သမိုင်းဝင်ရွှေဂူကြီးဘုရားနှင့် စေတီပုထိုးများတည်ရှိသော နယ်မြေလည်းဖြစ်သည်။

ပြင်ရွာတိုက်နယ်သည် ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာ ၅၂ ရွာ ရှိပြီး လူဦးရေ ၆၅၀၀၀ ကျော်ခန့် အသုံးပြုနေသောလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းခင်းခြင်းရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး အချိန်တိုအတွင်း သွားလာနိုင်သဖြင့် ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် တက်ရောက်အားပေးပြီး နေကြာမျိုးရွေးချယ်ခြင်းဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်နည်းပညာများ၊ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားရာတွင် ပင်ခြားဝတ်မှုန်ကူးသောအပင်မျိုးဖြစ်သည့်နေကြာကို စပ်မျိုးထုတ်လုပ်ရန်ကောင်းမွန်သည့်ဗီဇအစုအဖွဲ့ပါသော အခြေခံမျိုးဖန်တီးမွေးမြူရန်လိုအပ်မှုကို သတိပြုရန်နှင့် ယခုဖန်တီးမွေးမြူရာတွင်ကျင့်သုံးသည့် နေကြာပွင့်အရွယ်အစားကို တန်ဖိုး ဖြတ်ရွေးချယ်ကာ နောက်သားဆက်အချင်းချင်း ပြန်လည်ဝတ်မှုန်ကူးစေခြင်းနည်းဖြင့် လိုလားအပ်သောလက္ခဏာများကို လွှမ်းမိုးထားသည့်ဗီဇများကိုစုစည်းစေခြင်းဖြင့် ပိုမိုကောင်းမွန်သည့်မျိုးဖြစ်စေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပညာရှင်များ၊သုတေသီများ၊တောင်သူများနှင့် ရောင်းဝယ်ဖောက်ကားသူများအားလုံး ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြမှသာ ပြည်ပမှမျိုးစေ့တင်သွင်းအသုံးပြုရမှုလျှော့ချနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။

စိုက်ပျိုးရေးတက္ကသိုလ် အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေးပညာရှင်များကို သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ်တွင် တက္ကသိုလ်နှစ် ၁၀၀ ပြည့်ပြီဖြစ်ပြီး ရာပြည့်နှစ်မှ စတင်၍ ထုတ်လုပ်မှုအထောက်အကူပြုသုတေသနများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ် စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့ကို ရဟန်းရှင်လူပြည်သူများ ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၉-၂၀၀၂၀၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနပုဂံဌာနခွဲ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း KBZ Bank NYAUNG OO BRANCH Account No- 06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများ စားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့်ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါတွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ငပုတောမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုကြည့်ရှုအားပေးစဉ်။



သာသနာ့နွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၊ ဇီးချိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျောင်းသစ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၃၇၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနကအား ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် စန္ဒရံသီသီလရှင်စာသင်တိုက်မှ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဖျားနာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သာသနာ့နွယ်ဝင်သီလရှင် ၁၃၄ ပါးနှင့် ဒေသခံပြည်သူ ၂၂ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

# စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့နိုင်ကြောင်း ပြည်သူများစိုးရိမ်စေရန် မဟုတ်မမှန် သွေးထိုးလှုံ့ဆော် ဝါဒဖြန့်ဝေရေးသားလျက်ရှိ

**နေပြည်တော် မတ် ၉**

စစ်မှုထမ်းရန် စုဆောင်းခံရမည့် အမျိုးသမီးများအနေဖြင့် အကြမ်းဖက်မှုများနှင့် ကြုံတွေ့ရနိုင်ကြောင်း နှင်းဆီရောင် အမျိုးသမီးများသမဂ္ဂအပါအဝင် အမျိုးသမီးအဖွဲ့ ရှစ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ပြောဆိုထားကြောင်း ပြည်သူများစိုးရိမ်စေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကြောင့် ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်စေရန်အတွက် ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည့်အချက်များကို ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ရန် ဖုန်းနံပါတ်များကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် သတင်းထုတ်လွှင့်၍လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည်များကို https://mod.gov.mm/node/74 တွင် လေ့လာနိုင်ကြောင်းတို့ကို Mobile ဖုန်းများသို့ SMS (စာတိုပေးပို့ခြင်း) ဝန်ဆောင်မှုများဖြင့်လည်းကောင်း အများပြည်သူထံသို့ ပေးပို့အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို စစ်မှုထမ်းဆောင်ရန် ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းများ အချိန်ကိုက်ဝါဒဖြန့်ချိရေးသား၍ အခြေအမြစ်မရှိသည့် သတင်းမှားများဖြင့် လူငယ်လူရွယ်များ လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော်လျက်ရှိပြီး ယခုတွင်လည်း အမျိုးသမီးများကို စစ်မှုထမ်းရန် ပြန်လည်စုဆောင်းခံရနိုင်သည်ဟု သတင်းမှားများကို ဝါဒဖြန့်ထုတ်လွှင့်လျက်ရှိသဖြင့် မိဘပြည်သူများအနေဖြင့် စစ်မှုထမ်းဆိုင်ရာ သတင်းတု၊ သတင်းမှားများကို ရှောင်ရှားနိုင်ရန်အတွက် စစ်မှုထမ်းဆိုင်ရာ သတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများ၊ ထုတ်လွှင့်ချက်များနှင့် https:/mod.gov.mm/node/74 တို့တွင် စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း သတင်းရရှိသည်။




# တောင်ကြီးနှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် တောင်ကြီးမြို့နယ် မိုင်းသော်(အနောက်)ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာအနီးတွင် သားဦးမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ ကို လည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၆ နာရီတွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဆမ်ဂျုံမောင်းနှင်ပြီး ကျဟယ်လိုက်ပါလာသည့် CROWN အမျိုးအစားမော်တော်ယာဉ်ကို သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးကက်တမင်း ၁၀ ကီလိုကို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ည ၆ နာရီ ၄၅ မိနစ်တွင် စိုင်းလှဆွေ(ခ) အိုက်ကျိုင်းအား တာချီလိတ်မြို့ ပါဆတ်ရပ်ကွက်ရှိနေအိမ်တွင် စိတ်ပြောင်းဆေးဝါးကက်တမင်း သုညဒသမ ၉၈ ကီလို၊ အိုက်စ် သုညဒသမ ၀၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဘရာဇီးအမေဇုန်မိုးသစ်တောပြုန်းတီးမှု ဖေဖော်ဝါရီလတွင် ၃၀ ရာခိုင်နှုန်းကျဆင်း



**ဘရာဇီးလီးယား မတ် ၉**

ဘရာဇီးအစိုးရသည် လစဉ် အမေဇုန်သစ်တောပြုန်းတီးမှုနှင့် ပတ်သက်ပြီး စစ်တမ်းများထုတ်ပြန်ပေးလျက်ရှိရာ စစ်တမ်းများအရ ဖေဖော်ဝါရီလတွင် သစ်တောပြုန်းတီးမှုသည် ဇန်နဝါရီလက ပြုန်းတီးခဲ့သောပမာဏထက် ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဘရာဇီး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးသမ္မတ လူလာဒါ ဆေးလ်ဗားသည် ၂၀၃၀ ပြည့်နှစ် အရောက်တွင် အမေဇုန်မိုးသစ်တောပြုန်းတီးမှု သုညရာခိုင်နှုန်းထိ လျှော့ချနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး မတ်လအတွင်း သစ်တောပြုန်းတီးမှု ထပ်မံလျော့ကျလာစေရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်ကို ညွှန်ကြားထားကြောင်း၊ ဘရာဇီးအာကာသ သုတေသနအဖွဲ့အစည်း (INPE) ကလည်း ကောင်းကင်ဂြိုဟ်တုမှ တစ်ဆင့် အမေဇုန်မိုးသစ်တော တိုးတက်ပြောင်းလဲလာမှုကို မှတ်တမ်းဓာတ်ပုံများ ပုံမှန်ရိုက်ကူးကာ ဘရာဇီးအစိုးရထံသို့ လစဉ်တင်ပြပေးလျက်ရှိကြောင်း သိရသည်။

"အမေဇုန်မိုးသစ်တောပြုန်းတီးမှုကျဆင်းလာတာဟာ သတင်းကောင်းပါ။ ဒီထက်ပိုပြီးတော့ အရှိန်မြှင့်တင် ဆောင်ရွက်သွားဖို့တော့ လိုအပ်နေပါသေးတယ်။ ဇန်နဝါရီလမှာ သစ်တောပြုန်းတီးမှု ၂၂၆ စတုရန်းကီလိုမီတာရှိခဲ့ပါတယ်။ ဖေဖော်ဝါရီလမှာ သစ်တောပြုန်းတီးမှုပမာဏဟာ ဇန်နဝါရီလထက် ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒီအခြေအနေကို သေချာဂရုစိုက်ပြီးထိန်းသိမ်းဖို့ လိုအပ်ပါတယ်" ဟု WWF-Brasil အဖွဲ့အစည်း၏ မဟာဗျူဟာဒါရိုက်တာ မာရီယာနာက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလတွင် သစ်တောပြုန်းတီးမှု ကျဆင်းလာသော်လည်း ရိုရိုင်မာနယ်မြေ၌ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်အတွက် အမေဇုန်မိုးသစ်တော ဧရိယာတချို့ မီးလောင်ကျွမ်းမှု၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ဌာနေတိုင်းရင်းသားတချို့မှာလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းနေဆဲဖြစ်သော်လည်း တောမီးအန္တရာယ်သတိပေးချက်ကို ရုပ်သိမ်း

**ကင်ဘာရာ မတ် ၉**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် မတ် ၇ ရက်က တောမီးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ရာ အပူချိန်မြင့်တက်မှုဖြစ်ပွားနေဆဲဖြစ်သော်လည်း ယနေ့မှစတင်၍ တောမီးအန္တရာယ် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြတ်သန်းနေသည့် နယ်မြေများမှာ တောင်ပိုင်းဩစတြေးလျပြည်နယ်၊ နယူးဆောက်ဝေးပြည်နယ်၊ တက်စ်မာနီးယားနယ်မြေ၊ ဗစ်တိုးရီးယားပြည်နယ်နှင့် ဩစတြေးလျမြို့တော်နယ်မြေတို့ဖြစ်ပြီး ဒေသတချို့တွင် အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း ဩစတြေးလျ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်း ဖြတ်သန်းစဉ် အလယ်ပိုင်းနဲ့ အနောက်တောင်ဘက်ပိုင်းဒေသတွေမှာ တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ အပူလှိုင်းဖြတ်သန်းမှုအခြေအနေ တည်ငြိမ်လာတဲ့အတွက် တောမီးအန္တရာယ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါတယ်။ တောမီးအန္တရာယ်သတိပေးချက် ပြန်လည်ရုပ်သိမ်းလိုက်ပြီဆိုပေမဲ့ မီးမပေါ်ဆဖို့တော့ လိုအပ်ပါတယ်"ဟု ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်း ဖြတ်သန်းနေစဉ် တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့သော်လည်း အချိန်မီထိန်းချုပ်နိုင်ခဲ့သည့်အတွက် အန္တရာယ်ရှိသောအခြေအနေသို့ မရောက်ခဲ့ကြောင်း၊ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် နယူးဆောက်ဝေးပြည်နယ်တွင် မတ် ၈ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်နေရာ ၁၉ နေရာရှိခဲ့ကြောင်း ဩစတြေးလျ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဗီယက်နမ်နိုင်ငံတွင် လာမည့်နှစ်များအတွင်း လေထုအရည်အသွေး အလိုအလျောက်စောင့်ကြည့်ရေးစခန်း ၁၁၃ ခု ထပ်မံတည်ဆောက်သွားမည်

**ဟနွိုင်း မတ် ၉**

ဗီယက်နမ်နိုင်ငံ တစ်ဝန်းတွင် လာမည့်နှစ်များအတွင်း အမျိုးသားသဘာဝပတ်ဝန်းကျင်စောင့်ကြည့်ရေးအစီအစဉ်အရ လေထုအရည်အသွေး အလိုအလျောက်စောင့်ကြည့်ရေးစခန်း ၁၁၃ ခုကို ထပ်မံ တည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု မတ် ၈ ရက် သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လေထုအရည်အသွေး အလိုအလျောက်စောင့်ကြည့်ရေးစခန်း ၉၈ ခုကို အပြီးတည်ဆောက်ပြီး နောက်ထပ် ၁၅ ခုထပ်မံတည်ဆောက်သွားမည်ဖြစ်ကာ ၁၁၃ ခုထိ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လေထုအရည်အသွေး အလိုအလျောက်စောင့်ကြည့်ရေးစခန်း ၁၀၃ ခုရှိသဖြင့် စုစုပေါင်း လေထုအရည်အသွေး အလိုအလျောက် စောင့်ကြည့်ရေးစခန်း ၂၁၆ ခုထိ တည်ဆောက်သွားမည်ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ပထမအဆင့် တည်ဆောက်မည့် လေထုအရည်အသွေး အလိုအလျောက်စောင့်ကြည့်ရေးစခန်း ၉၈ ခုအနက် ၆၂ ခုကို ကျန်းမာရေး သတိပေးချက်များ၊ ကျန်းမာရေးနှင့်ဆက်စပ်သော အခြေအနေများကို ထုတ်ပြန်ရန်ရည်ရွယ်၍ လူသူထူထပ်သောနေရာများ၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လေထုအရည်အသွေးအလိုအလျောက်စောင့်ကြည့်ရေး စခန်းများသည် PM 2.5 နှင့် PM 10 အမှုန်အမွှားများ၊ ဆာလဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်နှင့်အိုဇုန်းပါဝင်မှုအဆင့်များကို တိုင်းတာသွားမည်ဖြစ်ကြောင်း သိရသည်။




ဗီယက်နမ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ပိုမိုများပြားလာခြင်းကြောင့် လေထုညစ်ညမ်းမှုအလိုအလျောက်စောင့်ကြည့်ရေးစခန်းများ ပိုမိုလိုအပ်လာကြောင်း ဗီယက်နမ်လေထုအရည်အသွေးမြှင့်တင်ရေးလှုပ်ရှားမှုအဖွဲ့တစ်ဖွဲ့ဖြစ်သော Vietnam Clean Air Partnership အဖွဲ့၏ ဥက္ကဋ္ဌ Hoang Duong Tung က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : AZH**

# တက္ကဆက်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် နွားအကောင်ရေ ၇၀၀၀ ကျော် သေဆုံးခဲ့

**ဝါရှင်တန် မတ် ၉**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ပန်ဟန်ဒယ်နယ်မြေတွင် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အဆိုပါတောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်တချို့ ပျက်စီးခဲ့ကာ နွားအကောင်ရေ ၇၀၀၀ ကျော်ထိ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းနေဆဲဖြစ်သောကြောင့် သေဆုံးသည့် နွားအကောင်ရေ ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း၊ တောမီးကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍလည်း အထိနာနေကြောင်း တက္ကဆက်ပြည်နယ် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ကော်မရှင်နာ ဆစ်မီလ်လာက ပြောကြားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့သလို နွားအကောင်ရေ ၇၀၀၀ ကျော် သေဆုံးခဲ့တယ်။ အချို့နွားတွေဟာ သေဆုံးခဲ့တာမရှိပေမဲ့ ခွာတွေမီးပူထိထားတဲ့အတွက် လမ်းလျှောက်လို့မရတဲ့ အခြေအနေတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ နွားအကောင်ရေ ၇၀၀၀ ကျော် သေဆုံးခဲ့တယ်ဆိုပေမဲ့ ဒါဟာ အကြမ်းဖျင်းခန့်မှန်းထားတဲ့ ပမာဏတစ်ရပ်ပဲဖြစ်ပါတယ်။ ဒီထက်ပိုများနိုင်ပါတယ်။ တောမီးလောင်ကျွမ်းနေဆဲဖြစ်တဲ့အတွက် သေဆုံးမှုနှုန်း ဆက်လက်မြင့်တက်လာနိုင်ပါတယ်။ စိုက်ခင်း ဧက တစ်သန်းလောက်ထိ ပျက်စီးခဲ့တယ်။ နေအိမ်တွေ၊ အခြေခံအဆောက်အအုံတွေလဲ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ပျက်စီးတာတွေရှိခဲ့ပါတယ်။ ပျက်စီးခဲ့တဲ့ ပမာဏကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ဖို့လဲ ကြိုးပမ်းနေဆဲဖြစ်ပါတယ်"ဟု တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည် ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။



၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)



# အပြည့်ခံမြစ်တစ်စင်း

ပိုင်ဆု(ပညာရေး)



(၁)

ထမင်းဖြူပေါ် ဆီအနည်းငယ်ဆမ်းလိုက်ပြီး ဇရုတ်သီးဆားထောင်းလေးနှင့် နေ့လယ်စာစားရန်ပြင်လိုက်သည်။ ဒေါ်ငြိမ်းသည် တစ်ယောက်တည်းနေသလို အသက်ကလည်း ၆၅ နှစ်ရှိပြီဖြစ်သည်။ ချူးလာသော ထမင်းကို ထမင်းစားခန်းတွင် မစားဘဲ အိမ်ရှေ့ခန်း ကထိုင်ခုံပေါ်မှာပင် ဖြစ်သလိုစားနေလိုက်တော့သည်။ ဒေါ်ငြိမ်းသည် ပင်စင်စားကျောင်းဆရာမတစ်ဦး ဖြစ်သည်။ ယောကျ်ားဖြစ်သူကလည်း လွန်ခဲ့သော အနှစ် ၂၀ ကျော်ကတည်းက ဆုံးပါးသွားခဲ့သည်။ သားနှင့်သမီးပင် ယခုဆို အိမ်ထောင်ကျ၍ အိမ်ခွဲကာ နေကြပြီဖြစ်သည်။ သားနှင့်သမီးသည် မိခင်ကို သိတတ်ရန်ထက် ဒေါ်ငြိမ်းကပင် ပြန်လည်ပံ့ပိုးနေခဲ့ရသည်။ ဒေါ်ငြိမ်းသည် ကျောင်းဆရာမဘဝကတည်းက တပည့်များ၏ ချစ်ခင်လေးစားမှုကို ခံခဲ့ရသည်။ နယ်စုံလည်း တာဝန်ကျဖူးသောကြောင့် ဒေါ်ငြိမ်း၏ အတွေ့အကြုံများသည် များလွန်းလှသည်။ ယခုချိန်ထိပင် တပည့်များသည် ဆရာမအပေါ် သိတတ်၍ လာရောက်ကန်တော့နေကြသလို နယ်မှတပည့်များကလည်း လူကြုံနှင့်တစ်ဖုံ စာတိုက်မှတစ်သွယ် ဆရာမဆီသို့ လက်ဆောင်များပေးပို့လျက်ရှိကြသည်။ သားသမီးကံမကောင်းသော်လည်း တပည့်ကံကောင်းသည်ဟုပင်ဆိုရပေမည်။ ထမင်းစားနေစဉ်မှာပင် သမီးငယ်ဖြစ်သူ ခင်စန္ဒာသည် သူ၏လေးနှစ်အရွယ် သားကလေးလက်ကိုဆွဲကာ အိမ်ပေါ်သို့ စိတ်ဆိုးမာန်ဆိုးဖြင့် ရောက်ရှိလာသည်။ လက်တစ်ဖက်တွင်လည်း အိတ်ကြီးတစ်လုံးနှင့်။

"ဟဲ့ သမီး ဘာဖြစ်လာတာတုံး။ မျက်နှာလဲ မကောင်းပါလား"

"ဘာဖြစ်ရမှာလဲ အိမ်ပေါ်ကဆင်းလာတာလေ။ အရက်သမားနဲ့ ရန်ဖြစ်လာတာ။ သမီးသူနဲ့မပေါင်းနိုင်တော့ဘူး။ သမီး အမေ့အိမ်မှာပဲနေတော့မယ်"

"ဟဲ့ မောင်ဝင်းခိုင်က အရက်သောက်တယ် မကြားမိပါဘူးအေ"

"ဟုတ်တယ်အမေ။ အလုပ်ကပါတီပွဲကနေ သောက်လာတာတဲ့။ သမီး သူနဲ့ကွာရှင်းမယ်"

"မဟုတ်တာကွယ် အလုပ်သဘောအရ တစ်ခါတလေသောက်တာနေမှာပါ။ သမီးက နားလည်ပေးရမယ်လေ"

"နားလည်မပေးနိုင်ပါဘူး။ သမီးနဲ့ အခုစကားများတာ သမီးကိုလဲ မပေါင်းချင်ရင် မပေါင်းနဲ့လို့ ပြောတယ်။ သူ့အိမ်ဆိုပြီး အိမ်ဂုဏ်မောက်နေတာ။ ဒါကြောင့် ကလေးကိုခေါ်ပြီးဆင်းလာတာ။ အမေ့အိမ်မှာပဲ သမီးတို့သားအမိနေတော့မယ်"

ဒေါ်ငြိမ်း ဘာမှပြန်မပြောဖြစ်တော့ပေ။ သမီးဖြစ်သူ၏စကားများသည် သွေးပူတုန်းမို့ ထွက်လာသောစကားများပင်ဖြစ်သည်။ အဆင်ပြေအောင် ညှိနှိုင်းပေးပြန်လျှင်လည်း သမီးဖြစ်သူကို အိမ်မှာ မနေစေချင်ဘူးဟု အထင်ခံရဦးမည်။ အချိန်တန်လျှင်တော့ အဆင်ပြန်ပြေသွားပါလိမ့်မည်။ မည်သို့ပင်ဆိုစေ အထီးကျန်နေသောဒေါ်ငြိမ်း၏ဘဝသည် သမီးနှင့်မြေးရောက်လာသောကြောင့် အနည်းငယ်စိုပြည်သွားသလိုတော့ ခံစားလိုက်ရသည်။ တစ်ယောက်တည်းနေစဉ်က အမြဲတမ်းချက်မစားဖြစ်ဘဲ တစ်ခါတလေဝယ်စား၊ တစ်ခါတလေ ရှိတာလေးနှင့်ဖြစ်သလိုစားဖြစ်သော်လည်း သမီးနှင့်မြေးရောက်လာတော့ ဈေးဝယ်ပြီး ညနေစာအတွက် ချက်ပြုတ်ရပေဦးမည်။

"သမီးရေ အမေ ဈေးခဏသွားအုံးမယ်"

"ဟုတ် အမေ။ အမေချက်တဲ့ ဝက်နံရိုးဟင်းလေးနဲ့ ကန်စွန်းရွက်နဲ့ မှိုကြော်လေးတောင် မစားရတာကြာပြီနော်"

"အေးပါ။ အမေညနေချက်ကျွေးပါ့မယ်"

"ဟုတ်အမေ။ ဒါနဲ့ စားပွဲပေါ်က ဘာပုံးကြီးလဲ အမေ"

သမီးဖြစ်သူက ငယ်စဉ်ကတည်းက စပ်စပ်စုစုနှင့် မေးတတ်သူဖြစ်သည်။ ယခုလည်း စားပွဲပေါ်က မဖောက်ရသေးသော စက္ကူပုံးကြီးကို လက်ညှိုးထိုးပြီး မေးမြန်းခြင်းဖြစ်သည်။

"ဪ. . . အဲဒါ ရခိုင်က အမေ့တပည့်တစ်ယောက်က ငါးပိနဲ့ပုစွန်ခြောက်တွေ လူကြုံနဲ့ပို့ပေးထားတာလေ"

"ဟုတ် အမေ။ အမေဈေးသွားရင်သွားတော့လေ သမီးလဲ ညကရန်ဖြစ်ထားတော့ အိပ်ရေးမဝသေးလို့ ခဏအိပ်အုံးမယ်နော်။ ဪ. . . အမေ အမေ့မြေးကို တီဗီလေးဖွင့်ပေးခဲ့လိုက်နော်။ သူက တီဗီကြည့်ရင်ငြိမ်တယ်"

ဒေါ်ငြိမ်းလည်း မြေးဖြစ်သူကို ကာတွန်းကားဖွင့်ပေးပြီးသည်နှင့် ဈေးသို့ထွက်ခဲ့တော့သည်။ အမေ၏ ဝေယျာဝစ္စများမလုပ်ပေးသော်လည်း ပြဿနာကြုံတိုင်း အမေ့ကိုသတိရတတ်သော သားနှင့်သမီးကြောင့် ဒေါ်ငြိမ်းစိတ်မညစ်ခဲ့ပါ။ အကြောင်းမကောင်းခဲ့လို့ အကျိုးပေးမကောင်းတာဟုသာ ဒေါ်ငြိမ်းခံယူထားသည်။ ဒေါ်ငြိမ်းသည်လည်း ဆရာမဖြစ်ခဲ့စဉ်က အလုပ်ဆိုသောအရာကို ဦးစားပေးခဲ့ပြီး မိဘအပေါ် သိတတ်မှုကင်းမဲ့ခဲ့သူဖြစ်သောကြောင့် ယခုလို သားသမီးများနှင့်ကြုံတွေ့ရခြင်းဖြစ်သည်။ သားဖြစ်သူကလည်း ပြီးခဲ့သောနှစ်ရက်ကပင် အလုပ်အတွက် ငွေလိုသည်ဟုဆိုပြီး အမေဖြစ်သူထံမှ ချေးယူသွားခဲ့သေးသည်။ ပြန်ပေးမည်မဟုတ်မှန်းသိသော်လည်း အမေဆိုတော့လည်း သားသမီးဒုက္ခရောက်နေသည်ဆိုတော့ လျစ်လျူရှုနိုင်သည်မဟုတ်ပေ။

(၂)

"ဆရာမ ဈေးကပြန်လာတာလား။ ဒီနေ့ကြည့်ရတာ မျက်နှာလန်းလို့ ရွှင်လို့ပါလား။ လက်ဖက်ရည်သောက်ပါအုံးဆရာမရဲ့။ မတွေ့ရတာလဲကြာပြီလေ"

လက်ဖက်ရည်ဆိုင်မှ လှမ်းနှုတ်ဆက်သံကြောင့် လှည့်ကြည့်လိုက်တော့ ရပ်ကွက်ထဲမှ ဓမ္မမိတ်ဆွေ ဒေါ်တင်ဥကို တွေ့လိုက်ရသည်။ ဒေါ်တင်ဥနှင့်ဒေါ်ငြိမ်းသည် အသက်ရွယ်တူပင်ဖြစ်သည်။ ဥပုသ်နေ့တိုင်း သီလယူရာမှ စကားပြောဖြစ်ရင်း ခင်မင်ရင်းနှီးခဲ့ကြသူများဖြစ်သည်။ ဒေါ်ငြိမ်းလည်း ခဏတစ်ဖြုတ်စကားပြောရန် လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"သမီးနဲ့မြေးရောက်လာလို့ ဒေါ်တင်ဥရေ"

"ဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့လို အဘွားကြီးတွေက အခုချိန် သားသမီးတွေကို မျှော်လိုက်၊ ဧည့်မျှော်လိုက်နဲ့ ဘဝတွေကိုအချိန်ကုန်နေရတာဆိုတော့ သူတို့တွေလာတုန်း စိတ်လေးပေါ့ပါးလန်းဆန်းသွားတာပေါ့ဆရာမရယ်"

"လန်းဆန်းတယ်ဆိုတာထက် အကြွေးဆပ်တယ်လို့ပဲ သဘောထားပါတယ် ဒေါ်တင်ဥရယ် "

"ဘယ်လို ဆရာမရဲ့ ပြောစမ်းပါအုံး"

ဒေါ်ငြိမ်းလည်း ဒေါ်တင်ဥကို ဖြစ်ကြောင်းကုန်စင် ရင်ဖွင့်လိုက်တော့သည်။ ဒေါ်ငြိမ်းနှင့် ဒေါ်တင်ဥသည် ဘဝတူများဖြစ်သည်။ သို့သော် ဒေါ်တင်ဥမှာ ခင်ပွန်းသည်ယောကျ်ားရှိသေးသည်။

"ဆရာမရယ် သားသမီးတွေကဒီလိုပါပဲ။ ကျွန်မသားနဲ့သမီးလဲ အဆင်ပြေချိန်ဆို မိဘတွေဆီ ရောက်မလာကြဘူး။ အဆင်မပြေဘူးဆိုရင် အကြောင်းအမျိုးမျိုးနဲ့ရောက်လာတာလေ။ ဆရာတော်ဟောထားသလိုပဲ သူတော်ကောင်းထုံး နှလုံးမူရတော့မယ်လေ။ သူတော်ကောင်း သူတော်ကောင်း သူမကောင်းလဲ ကိုယ်ကကောင်း ဒါမှသူတော်ကောင်းတဲ့။ ဟုတ်တယ်မလား ဆရာမရေ"

"ဟုတ်ပ ဒေါ်တင်ဥရယ်"

နှစ်ယောက်သား ပြိုင်တူပြုံးမိလိုက်ကြသည်။ ဒေါ်ငြိမ်းလည်း လက်ကျန်အချိန်လေးများကို အေးဆေးစွာပဲ ဖြတ်သန်းသွားချင်သည်။ သားသမီးများကို တတ်နိုင်သလောက် ပံ့ပိုးပေးချင်သည့် မိဘများ၏မေတ္တာသည် အဖြူရောင်သက်သက်ပင်ဖြစ်သည်။ လောဘတော့မဟုတ်သော်လည်း သားသမီးများ၏သိတတ်မှုကို ပြန်လည်တောင့်တသည့်မျှော်လင့်ချက်တော့ ကိုယ်စီရှိကြသည်။ သို့သော် ဓမ္မ၏အထိအတွေ့နှင့် အရွယ်ရလာပြီးသည့်နောက်ပိုင်း အပြည့်ခံသက်သက်ဖြင့်သာ ပေးဆပ်ချင်တော့သည်။ ဒေါ်ငြိမ်းလည်း ဒေါ်တင်ဥနှင့် တရားအကြောင်းများဆွေးနွေးပြီးသည်နှင့် နှုတ်ဆက်ပြီး အိမ်ပြန်ခဲ့တော့သည်။ သမီးဖြစ်သူ ခင်စန္ဒာသည် စိတ်ကြီးသူမို့ နောက်ရက်မှ အေးအေးဆေးဆေးနားချပြီး သူတို့အိမ်ထောင်ရေး ပြန်လည်အဆင်ပြေအောင် ကြိုးစားပေးရမည်ဟု ဆုံးဖြတ်ထားလိုက်တော့သည်။

(၃)

အိမ်ပေါ်တက်သည်နှင့် တီဗီကြည့်နေသော မြေးလေးကို အရင်ဆုံးတွေ့လိုက်ရသည်။ မြေးဖြစ်သူကလည်း အဘွားကိုတွေ့သည်နှင့် ဝမ်းသာအားရပြေးကြိုတော့သည်။ သားအချစ် မြေးအနှစ်ဆိုသည့်အတိုင်း သံယောဇဉ်များသည် တစ်ဆင့်ထက်တစ်ဆင့်မြင့်လာသလို ကြိမ်နွယ်ပမာရစ်ပတ်လာသည်မှာ မဆန်းပေ။

"မြေးလေး ဘွားဘွားကိုလာကြိုတာလား။ ဒီမှာ မြေးလေးအတွက် ဘွားဘွားမုန့်တွေဝယ်လာတယ်"

"ဟေး ဒါမှ သားဘွားဘွား"

"ဒါနဲ့ မြေးလေးမေမေကော အိပ်ရာနိုးပြီလား"

"မေမေမရှိတော့ဘူး ဘွားဘွား။ အပြင်ထွက်သွားပြီ"

"ဟင်"

မြေးဖြစ်သူ၏စကားကြောင့် ဒေါ်ငြိမ်းအံ့ဩတုန်လှုပ်ခဲ့ရသည်။ စိတ်ကြီးသောသမီးဖြစ်သူသည် တစ်ခုခုအမှားလုပ်မိပါက ဒုက္ခဖြစ်ကုန်တော့မည်ဟု တွေးလိုက်သည်။

"မြေးလေး မြေးလေးမေမေ သွားတာကြာပြီလား"

"သိပ်မကြာသေးဘူး ဘွားဘွား။ ဘွားဘွားပြန်လာရင် ဒီစာလေးပေးလိုက်ပါဆိုပြီး သားကိုပေးခဲ့တယ်"

မြေးဖြစ်သူကမ်းပေးသော စာခေါက်လေးကို တုန်ယင်စွာယူလိုက်ပြီး အသံထွက်ကာ ဖတ်လိုက်တော့သည်။

"အမေ သမီးမှားသွားတယ်။ ကိုဝင်းခိုင်ကလဲ သူမှားမှန်းသိပြီး သမီးကိုဖုန်းဆက်ပြီးတောင်းပန်တယ်။ အမေပြောသလိုပဲ ယောကျ်ားလေး တစ်ခါတလေ အလုပ်ကိစ္စနဲ့ အသောက်အစားတော့ရှိမှာပေါ့။ သမီးကသာ တစ်ဇွတ်ထိုးဆုံးဖြတ်ခဲ့တာ။ ကိုဝင်းခိုင်က သမီးတို့သားအမိအပေါ် တော်တော်ကောင်းပြီး တအားချစ်ရှာတာ။ အခု သူလဲ အတော်ခံစားနေရပြီ။ သမီးမရှိဘဲ သူ မနေနိုင်ဘူးတဲ့။ ဒါကြောင့် သမီးပြန်သွားပြီ အမေ။ အမေ့မြေးကိုတော့ အမေ့အိမ်မှာ သုံး၊ လေးရက် ပို့ထားအုံးမယ်နော်။ အမေ့မြေးက သူ့အဘွားကို တော်တော်ချစ်တာ။ နောက်မှ သမီးပြန်လာခေါ်မယ်။ အမေ့သမီး ခင်စန္ဒာ။ အမေ့စားပွဲပေါ်က ငါးပိနဲ့ ပုစွန်ခြောက်တွေ သမီးယူသွားတယ်နော်"

ဒေါ်ငြိမ်းလည်း ငိုအားထက် ရယ်အားသန်ခဲ့ရတော့သည်။ စားပွဲပေါ်က စက္ကူပုံးလေးကား မရှိရှာတော့ပေ။ မပေါင်းနိုင်တော့ဘူး ကွဲမယ်ဆိုသည့်သမီးသည် ဒေါ်ငြိမ်း နားမချရသေးခင်မှာပင် တစ်ညနေတောင်မကျော်လွန်ဘဲ ယောကျ်ားဖြစ်သူ၏ဖုန်းတစ်ချက်နှင့်ပင် အရာအားလုံးအဆင်ပြေသွားခဲ့ရသည်။ ဒေါ်ငြိမ်းလည်း မြေးဖြစ်သူကို ရင်ခွင်ထဲသို့ပွေ့ဖက်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။ ဒေါ်ငြိမ်း မည်သူ့ကိုမှ အပြစ်မတင်လိုပေ။ အကြောင်းကြောင့်ဖြစ်လာသော အကျိုးတရားများကို အကြွေးဆပ်သည်ဟုသာ သဘောထားလိုက်တော့သည်။ သားသမီးများအတွက် မိဘများသည် အမြဲတမ်းအပြည့်ခံမြစ်တစ်စင်းအဖြစ် စီးဆင်းနေတတ်သောကြောင့်ပင်။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၂၄၇ ဧက စိုက်ပျိုးပြီးစီး



**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၂၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၁၂၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၂၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" စစ်ကိုင်းမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ နေကြာ ၃၁၂၄၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၃၁၂၄၇ ဧက စိုက်ပျိုးပြီးပါပြီ။ နေကြာကို ဆောင်းရာသီမှာ အဓိကထားစိုက်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မှီတင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မှီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဘားအံမြို့နယ် နောင်ဘိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နောင်ဘိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းထိုက်ငွေး၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းမာအေး၊ မြို့နယ်မှ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက နောင်ဘိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် ဆိတ်၊ ဝက်မွေးမြူရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းထိုက်ငွေးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)လုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နောင်ဘိုကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် အစုအဖွဲ့စနစ်ဖြင့် လုပ်ကိုင်တတ်စေရန် ရည်ရွယ်၍ အစုအဖွဲ့လေးဖွဲ့ကို ထုတ်ချေးပေးထားကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**



# တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချောင်းကျေးရွာ၌ ဆင့်မအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၈ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ဗွေက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၆၅ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သဖန်းချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၅ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သူသူ**

## စုံညီလှပ တပေါင်းလ

- နွေဆန်းကာစ တပေါင်းခါမို
  ဤချိန်သည်ကား နေခြည်လင်းထိန်
  ရာသီမိန်မှ ပူရှိန်ထန်ပြင်း
  ဆောင်းနှင်းဆုတ်ခွာ နွေအခါတည့်။

- ပြာရိပ်ပုန်မှိုင်း မြူသင်တိုင်းတို့
  ရစ်သိုင်းဖွဲ့ခြုံ တိမ်ရောင်စုံနှင့်
  မွေးထုံမြိုင်တွင်း တမာသင်း၍
  လှခြင်းစုံသည် ပုဏ္ဏမီနှင့်
  ယှဉ်မှီထွန်းပြီ ဖလဂုနီတို့
  ရာသီခါမို လှနေသည်တည့်။

- ရွှေဖီငုံဖူး နှစ်ကူးကြိုရန်
  လှစ်ကျူးသံနှော ငှက်ရွှေဩက
  လှသောသံစဉ် ကဗျာယဉ်ကို
  စာစဉ်စေဖို့ အလွမ်းပို့လာ
  ခါလတပေါင်း ဤချိန်ခါတည့်။

- လဝန်းရောင်ခြည် ထိုရာသီဝယ်
  ထိန်ကြည်ပြိုင်ရွှန်း ရွှေစင်သွန်းသို့
  လှလွန်းပန်းချီ မိန်ရာသီကား
  စာစီမကုန် အလှဂုဏ်တို့
  ထုံကြည်မျှတ ဂုဏ်ပေါင်းခ
  စုံညီလှပ တပေါင်းလ။ ။

**မောင်လေပြေ(တောင်တွင်း)**

# မင်းဘူးမြို့နယ် ရေပေါ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းဘူး မတ် ၉**


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ရှိသူများက ရေပေါ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရေပေါ်ကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပဥ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄၈ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**စင်မာ**

# ဆရာ၊ ဆရာမများအတွက် အဖိုးတန်စာအုပ်တစ်အုပ်




ကျွန်တော်သည် ပညာရေးဝန်ထမ်းအငြိမ်းစား တစ်ဦးဖြစ်ပါသည်။ အငြိမ်းစားယူပြီးသည့်အချိန်မှစ၍ ကျွန်တော် ဖတ်၊ မှတ်လေ့လာခဲ့သောအကြောင်းအရာများ၊ အတွေ့အကြုံများကို စာပေပုံစံအမျိုးမျိုးဖြင့် ဖော်ပြရေးသားခဲ့ပါသည်။ ပညာရေးအပေါ် သံယောဇဉ်ရှိပါသည်။ ပညာရေးလောကကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေချင်သည်။ ပညာရေးအဆင့်အတန်း မြင့်မားစေလိုသည်။ ရေမြင့်မှကြာတင့်ဆိုသကဲ့သို့ ပညာရေးအဆင့်မြင့်မှ တိုင်းပြည်တိုးတက်၍ အဆင့်မြင့်မည်ဖြစ်ပါသည်။

ကျွန်တော်သည် ကျွန်တော့်ဆရာများလမ်းစဉ်အတိုင်း ကိုယ်တိုင်ကိုယ်ကျစာပေရေးသားပေးရုံဖြင့် အားရကျေနပ်တင်းတိမ်မှုမရှိဘဲ စာပေများကို ဖတ်ရှုလေ့လာမှတ်သားကြစေရန် အစဉ်သဖြင့် အခွင့်အခါရတိုင်း တိုက်တွန်းသမှုပြုခဲ့ပါသည်။

မိမိတို့၏ဆရာကြီး၊ ပညာရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဦးသောင်းထွန်းကလည်း "ဆရာတွေ စာဖတ်ကြရဲ့လား"ဆိုသည့် ဆောင်းပါးတစ်ပုဒ် ကရုဏာဒေါသောဖြင့် ရေးသားခဲ့ပါသည်။ ဆရာကြီးဦးအောင်သင်းကလဲ မျိုးဆက်သစ်တို့တိုးတက်ရစ်ဖို့ စာဖတ်ပါ၊ စာဖတ်ပါ၊ စာဖတ်ကြပါ"ဟု ပြောဆိုရင်း၊ ရေးသားခြင်းဖြင့် ယခုအခါတွင် ကွယ်လွန်သွားခဲ့ရှာပေပြီ။

အထူးသဖြင့် ပညာရေးလောကမှ ဆရာ၊ ဆရာမများစာဖတ်ကြရန် လိုပါသည်။ ကျောင်းသားလူငယ်များစာဖတ်ရန်လိုအပ်ပါသည်။ စာဖတ်နိုင်ရေးအခွင့်အရေးတို့ကို တတ်အားသရွေ့ပေးရမည်ဖြစ်ပါသည်။ ထို့မှတစ်ဆင့် ပြည်သူ၊ ပြည်သားတို့စာဖတ်ကြရန် အားပေးတိုက်တွန်းနှိုးဆော်နေရုံနှင့် မပြီးသေးဘဲ စာဖတ်နိုင်သော အခြေအနေများကို ဖန်တီးပေးရမည်ဖြစ်ပါသည်။

ယခုအခါ အခြေခံပညာကဏ္ဍနှင့်အဆင့်မြင့်ပညာကဏ္ဍမှ ဆရာ၊ ဆရာမများအတွက် ဖတ်စရာ၊ မှတ်စရာစာအုပ်အများအပြား ထွက်ရှိလာသည်ကို တွေ့ရှိရပါသည်။ ပညာရေးဆိုင်ရာကျွမ်းကျင်သူများဖြစ်ကြသည့် ဆရာကြီးဒေါက်တာဦးသန်းဦး၊ ဆရာကြီးဦးသန်းထွတ်၊ဆရာကြီးဦးတင်ညို၊ ဆရာကြီးဒေါက်တာသိန်းလွင်၊ ဆရာမကြီး ဒေါက်တာ မတင်ဝင်း၊ ဆရာဦးမြင့်ဟန် (မောင်ဟန်ဝင်း-ထန်းတပင်)၊ မောင်ကျေးဇူး၊ မောင်ဒီပ၊ အောင်ခိုင်မြင့် (ပညာရေး) မောင်မြကျော်၊ ဆရာကောင်းသန့်၊ ဒေါက်တာမောင်သင်း၊ ဒေါက်တာခင်မောင်ညို (ခင်မောင်ညို ဘောဂဗေဒ) စသည့်ဆရာများ ရေးသားသည့်စာအုပ်များ ထွက်ရှိလာသည်ကို တွေ့ရပါသည်။

ဆရာ၊ ဆရာမများအတွက် ပညာတန်ဆောင်စာစောင်မှာ အုပ်ရေ ၄၀၀၀၀ ကျော်ထုတ်ဝေနေပါသည်။ ထိုတိုက်မှပင် 'မြတ်ဆရာ'မဂ္ဂဇင်းနှင့် 'မြတ်ပညာ'မဂ္ဂဇင်းတို့လည်း ထုတ်ဝေဖြန့်ချိပေးနေသည်ကို တွေ့ရပါသည်။ ထို့ပြင် ပညာရေးဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ ဘာသာစကားဆိုင်ရာ၊ စာအုပ်စာစောင်အမျိုးမျိုးတို့လည်း အရှိန်အဟုန်နှင့် ထွက်ရှိနေပါသည်။

ကျောင်းသား၊ ကျောင်းသူအခြေပြုဘာသာရပ်ဆိုင်ရာစာအုပ်စာတန်းများဆိုလျှင် KG တန်းမှ Grade 12 အတန်းထိ၊ အဖြေစုံ၊ သင်ရိုးကုန်၊ စာမေးပွဲအထူးထုတ်၊ ဓမ္မဓိဋ္ဌာန်ပုံဆွဲနည်း၊ မြေပုံ၊ ကားချပ်၊ မီးနင်းစာအုပ်စသည်တို့ဖြစ်ပါ၏။

ပညာရေးလောကသားအားလုံး၊ ပညာရေးဆိုသည်ကို ခြုံမိ၊ ငုံမိ၊ အဓိပ္ပာယ်ရှိရှိနှင့် သိရှိနားလည်စေရန်အတွက် ပညာရေးဗဟုသုတဟင်းလေးအိုးကြီးသဖွယ်ဖြစ်သည့် မြို့မကျောင်းဆရာကြီး ဦးဘလွင်ရေးသားသည့် ပညာရေးအခြေခံသဘောတရားများ "Foundation of Education" အမည်ရအဖိုးတန်ရတနာစာအုပ်ကို စေတနာရှေ့ထားပြီး ရေးသားဖော်ပြရပါသည်။

စာအုပ်ပြုစုရေးသားသူ မြို့မကျောင်းဆရာကြီး မဟာသရေစည်သူဦးဘလွင်သည် ရန်ကုန်မြို့ မြို့မအထက်တန်းကျောင်း၏ ကျောင်းအုပ်ကြီးအဖြစ် ၁၉၂၄ ခုနှစ်မှ ၁၉၅၃ ခုနှစ်ထိ နှစ်ပေါင်း ၂၉ နှစ်တိုင်အောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၉ ခုနှစ်ထိ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ၏ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။နိုင်ငံတော်အစိုးရ၏ အထူးတာဝန်ပေးချက်အရ ၁၉၆၁ ခုနှစ် ဩဂုတ်လမှ ၁၉၆၂ ခုနှစ် ဖေဖော်ဝါရီလထိ အနောက်နိုင်ငံများ၏ ပညာရေးကို လှည့်လည်လေ့လာခဲ့သော ဆရာကြီးဖြစ်ပါသည်။

မြို့မအထက်တန်းကျောင်း၊ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးချစ်သောင်းက "ဤစာအုပ်တွင် ဖော်ပြထားသောအကြောင်းအရာများသည် ကျောင်းဆရာ၊ဆရာမများအတွက်လည်းကောင်း၊ ကျောင်းသူကျောင်းသားများ၏ မိဘများအတွက်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနလက်အောက်တွင် အမှုထမ်းနေသည့် အုပ်ချုပ်ရေးအရာရှိများအတွက်လည်းကောင်း၊ အလွန်အဖိုးတန်လှသည့် 'ပညာရေးရောင်ခြည်'ဖြစ်သောကြောင့်၊ ကျောင်းဆရာ၊ ဆရာမများအပြင် ပညာရေးကိုစိတ်ဝင်စားကြသော မိဘများသည်လည်း ဤစာအုပ်ကိုဖတ်ကြလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။ ဤစာအုပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အထက်တန်း၊ အလယ်တန်းကျောင်းများ၏စာကြည့်တိုက်များ၊ စာဖတ်ခန်းများတွင် ထားသင့်သည်ဟု ကျွန်တော်ယူဆပါသည်"ဟု ရေးသားထားပါသည်။

ဆရာကြီးဦးချစ်သောင်း၏ ရေးသားချက်အနှစ်ချုပ်ကို ဖတ်ရှုခြင်းအားဖြင့်၊ ဆရာကြီးဦးဘလွင်၏ "ပညာရေးအခြေခံသဘောတရားများ" စာအုပ်၏ တန်ဖိုးကို သိလောက်ပြီဟုယူဆပါသည်။စာအုပ်တွင် ပါဝင်သည့်ခေါင်းစဉ်နှင့်အခန်းကဏ္ဍများကို သိရှိစေရန်တင်ပြပေးပါမည်။ ၎င်းတို့မှာ -

- ယနေ့ကမ္ဘာနှင့် မြန်မာ့ပညာရေးအခြေအနေ
- ခေတ်နှင့်ပညာရေးသဘောတရားများ
- ရှေးဦးသင်ပညာရေး
- ပညာရေးနှင့်ဆရာပြဿနာ
- ပညာရေးအသင်းအဖွဲ့များ
- ဆရာနှင့် ဆရာအတတ်သင်
- ခေတ်ပညာရေးနှင့်လိုအပ်ချက်များ
- အမျိုးသမီးပညာရေးပြဿနာ
- ကျောင်းနှင့်စာကြည့်တိုက်
- စာမေးပွဲရောဂါပြဿနာ

အင်္ဂလိပ်ဘာသာပိုင်းအစီအစဉ်တွင် -

- U Ba Lwin's Second Interim Report တို့ ပါဝင်ပါသည်။

ဆရာကြီးဦးဘလွင်က ပညာရေးလောကကြီးတစ်ခုလုံးကို "Industry of Education "ဟု အမည်ပေးပါသည်။ ၎င်းကို " ပညာရေးတိုးတက်ကြီးပွားမှု အဆောက်အအုံ"ဟု ဘာသာပြန်ပေးထားသည်မှာ အလွန်အဓိပ္ပာယ်ရှိလှပါသည်။

ဆရာကြီးက ပညာရေးဆိုသည်မှာ တစ်ဦးကောင်းတစ်ယောက်ကောင်းလုပ်၍ မရသောလုပ်ငန်းမျိုးဖြစ်ပြီး တွဲဖက်လုပ်ကိုင်ရသောဖက်စပ်လုပ်ငန်းကြီးဟု ဆိုထားပါသည်။

ထိုဖက်စပ်လုပ်ငန်းကြီးတွင် အစုရှင်(၆)မျိုး ရှိရမည်။ ၎င်းတို့မှာအကြမ်းအားဖြင့် -

၁။ ပညာသင်တပည့်
၂။ မိဘ
၃။ ဆရာ
၄။ ပတ်ဝန်းကျင်
၅။ ပေးအပ်သင်ကြားသည့်ပညာအမျိုးအစား
၆။ ပြည်ပိုင်အစိုးရ

ထိုဖက်စပ်အစုရှင်ခြောက်ဦးစလုံး မိမိတာဝန်ဝတ္တရားများကို ပြည့်ဝစုံလင်အောင် ထမ်းဆောင်နိုင်မှသာလျှင် "သခင်" ပညာဟုခေါ်ထိုက်သော၊ ကိုယ်တိုင်ဖန်တီးနိုင်သည့် ဗလငါးတန်နှင့်ပြည့်စုံပြီး တစ်သက်လုံးလုပ်နိုင်မည့်ပညာမျိုးကိုရနိုင်မည်ဟု ဆရာကြီးက ရေးသားဖော်ပြထားသည်။

မြို့မကျောင်းဆရာကြီး ဦးဘလွင်ရေးသားသော "ပညာရေးအခြေခံသဘောတရားများ" စာအုပ်သည် ပညာရေးသဘောတရား၊ ပညာရေးနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဘက်စုံထောင့်စုံမှ ကွက်ကွက်ကွင်းကွင်း၊ ရှင်းရှင်းလင်းလင်းရေးသားဖော်ပြထားသည်။ ပညာရေးသဘောတရားစွယ်စုံကျမ်းကြီးတစ်စောင်သဖွယ်ဖြစ်သည်။

မြို့မကျောင်းဆရာကြီးဦးဘလွင်ရေးသားခဲ့သော "ပညာရေးအခြေခံသဘောတရားများ" စာအုပ်မှာ ၁၉၅၂ ခုနှစ်က ထုတ်ဝေခဲ့၍ မမြင်ဖူး၊ မတွေ့ဖူး၊ မကြားဖူးသူ အများအပြားရှိနိုင်ပေသည်။ သို့သော် ယခင်အခါက ဤစာအုပ်သည် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ဆရာအတတ်သင်သိပ္ပံနှင့်ကျောင်းများ၌ ရှိကောင်းရှိနိုင်ပါသည်။ သို့သော် ဖော်ထုတ်၊ ညွှန်းပြ၊ သင်ကြားပြသမည့်သူမရှိ၍ ကျောင်းစာကြည့်တိုက်ဗီရိုထဲတွင် ပိုးကိုက်၊ ခြကိုက်၊ သဘာဝဘေးဒဏ်များဖြင့် ပျက်စီးနေလောက်ပြီ ထင်ပါသည်။

ထိုစာအုပ်ကို ယနေ့ခေတ်တွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာ တို့မှ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်သူများ၊ ဝန်ထမ်းများ၊ ပညာရေးတွင် တာဝန်ရှိသူများ သိသူရှိသလို မသိသူလည်းရှိနိုင်သည်။ အမှန်မှာမူ ဤကဲ့သို့ ပညာရေးအတွက် အဖိုးတန်လှသော ပညာရေးကျမ်းမြတ်တစ်စောင်ဖြစ်သည့် မြို့မကျောင်းဆရာကြီးဦးဘလွင်၏ "ပညာရေးအခြေခံသဘောတရားများ"စာအုပ်သည် ဆရာအတတ်သင်ပညာရေးသိပ္ပံများ၊ ပညာရေးတက္ကသိုလ်များတွင် သင်ရိုးအစိတ်အပိုင်းတစ်ခုဖြစ်သင့်ပါသည်။

ကျွန်တော့်ထံတွင်ရှိသောစာအုပ်ကို မိတ္တူကူး၍ ဆရာကြီးဒေါက်တာဦးသန်းဦး၊ ဆရာကြီး ဦးတင်ညို (ညွှန်ချုပ်ငြိမ်း)၊ ဆရာကြီးဦးမြင့်ဟန်(ကွယ်လွန်)တို့ထံ ပေးခဲ့ပါသည်။ အခြားပေးသင့်သည်ဟု ယူဆသော ပုဂ္ဂိုလ်တစ်ဦးစနှစ်ဦးစကိုလည်း ပေးခဲ့ဖူးပါသည်။ သို့သော် လုံလောက်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်သည် မြို့မကျောင်းဆရာကြီးဦးဘလွင်၏ ဆွေမျိုးသားချင်းများထံမှ ခွင့်ပြုချက်ရယူ၍ စာအုပ်ကို ပုံနှိပ်ဖြန့်ဝေရန် ကြံစည်ထားပါသည်။

အခြားနည်းတစ်ခုမှာ NGO အဖွဲ့အစည်းတစ်ခုခု၏ အကူအညီရယူ၍၊ ပညာဒါနအဖြစ်ရိုက်နှိပ်ကာ အခြေခံပညာနှင့် အဆင့်မြင့်ပညာဌာနများ၊ ဆရာအတတ်သင်ဌာနများသို့ အခမဲ့ဖြန့်ဝေနိုင်ရန် ကြိုးပမ်းနေပါသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနသို့တင်ပြအစီရင်ခံပြီး ညွှန်ပြမှုခံယူရန် စိတ်ကူးထားပါသည်။ ပညာရေးလောကသားအပေါင်းတို့အတွက် မြို့မကျောင်းဆရာကြီးဦးဘလွင်၏ **"ပညာရေးအခြေခံသဘောတရားများ"** (Foundation of Education) စာအုပ်သည် အဖိုးတန်စာအုပ်တစ်အုပ်ဖြစ်သည့်အတွက် လေ့လာသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

# ဒိုက်ဦးမြို့နယ် ပုဂံကွဲကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဂံကွဲကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်ကြည်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပုဂံကွဲကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဂဝံမြေလမ်းနှင့် ရေသန့်စင်စက်ကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ပုဂံကွဲကျေးရွာ၌ လမ်းအရှည် ပေ ၁၀၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀၃ သိန်းအသုံးပြု၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးမှုကြောင့် ပုဂံကွဲကျေးရွာရှိ အိမ်ခြေ ၁၅၄ အိမ်မှ လူဦးရေ ၇၄၄ ဦးတို့၏ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်ကြည်က ပြောပြ၍ သိရသည်။

**ကိုညီ**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ကွမ်းသီးစိမ်းအလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ကွမ်းသီးစိမ်း အလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်မော်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၃၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ကွမ်းသီးစိမ်း အလုံးရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်း အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့ လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲ လိုပါတယ်။ လက်ရှိ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၅၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ရောင်းအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်မော်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်က ထွက်ရှိသည့် ကွမ်းသီးစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများ အရောက်သွားရောက်ဝယ်ယူပြီး စနစ်တကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးစိမ်းများကို ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်မြင့်မြင့်မော်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ဆည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဲကန်းကျေးရွာအုပ်စု ဆည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅ ဒသမ ၃သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒသမအကြိမ်အဖြစ် ဆည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၇ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**တန့်ဆည် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၉၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၆၄၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၉၉၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဆောင်းကုလားပဲ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကုလားပဲဧက ၂၅၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ကုလားပဲဧကလျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



တန့်ဆည်မြို့နယ်တွင် ကုလားပဲစိုက်ပျိုးရာ၌ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း-၈ နှင့်ရေဆင်း-၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၀၀၀၀၀ ကုန်ကျကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မြိတ် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ဖို့ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးရန်ပုံငွေစီမံကိန်း (Smart Village) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဝန်ဖို့ကျေးရွာ၌ ကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ကျေးရွာခန်းမရှေ့နှင့် အဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ ကျေးရွာခန်းမရှေ့ လမ်းအရှည် ပေ ၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျေးရွာခန်းမ အဝင်လမ်း လမ်းအရှည် ၅၂ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ခေတ်မီစံပြကျေးရွာထူထောင်ရေးရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၂၇ ဒသမ ၅ သန်း အသုံးပြု၍ မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။

**ရိုးလေး**

# တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာတွင် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး မတ် ၉**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးခြမ်းကာကျေးရွာအုပ်စု ဝါးခြမ်းကာကျေးရွာတွင် စိုက်ပျိုးရေးတောင်သူများ၏ လယ်ယာမြေများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိနိုင်ရန်ရည်ရွယ်၍ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့်တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စိုက်ပျိုးရေရရှိရေးအတွက် ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာရေတင်စနစ် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး တောင်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခြမ်းကာကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂၅၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် AGT ကုမ္ပဏီက ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူများ၏ လယ်ယာမြေဧကများအတွက် စိုက်ပျိုးရေများ ကုန်ကျစရိတ်သက်သာစွာ ရရှိမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွံ့ယဉ်**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# နွေရာသီနှင့် တောမီးအန္တရာယ်

မောင်သောင်းဝင်း(တမန်ဟောင်း)



၂၀၂၀ ပြည့်နှစ် သြစတြေးလျတောမီးလောင်ကျွမ်းနေမှုကို တွေ့ရစဉ်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီလထိ နှစ်လတာကာလအတွင်း နိုင်ငံတစ်ဝန်းမီးလောင်ကျွမ်းမှု ၂၉၁ ကြိမ်ထိဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနကဖော်ပြခဲ့သည်။ ထိုမီးလောင်ကျွမ်းမှုများအနက် တောမီး၊ ကိုင်းမီး၊ မြက်ခြောက်မီးနှင့်အမှိုက်ပုံများမှတစ်ဆင့် မီးလောင်ကျွမ်းမှုသည် ၆၁ ကြိမ်ထိရှိခဲ့ပြီး ကားမီးလောင်မှုသည်လည်း ၁၀ ကြိမ်ရှိခဲ့သည်။

**ဖြစ်ပွားခဲ့**

အလားတူ ၂၀၂၃ ခုနှစ်အတွင်းကလည်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှုအကြိမ်ရေ ၁၇၀၀ ခန့်ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ငွေကျပ်သန်းပေါင်း ၃၅ ဘီလီယံကျော်ဆုံးရှုံးခဲ့ကြောင်း၊ သေဆုံးသူ ၇၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၉၃ ဦးရှိခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။ မီးလောင်မှုဖြစ်စဉ်အများဆုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၃၂ ကြိမ်၊ ဒုတိယအများဆုံးအနေဖြင့် ရှမ်းပြည်နယ်တွင် ၁၈၃ ကြိမ်နှင့် တတိယအများဆုံးအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ၁၇၅ ကြိမ်ဖြစ်ပွားခဲ့သည်။

**တောမီးလောင်ကျွမ်း**

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးမှုများမြင့်တက်လျက်ရှိသည်။ တောမီးလောင်ကျွမ်းမှုသည် နှစ်စဉ် ပိုမိုကြီးမားကျယ်ပြန့်လာလျက်ရှိရာ ၂၀၀၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှုသည် သစ်တောဟက်တာ ၉ ဒသမ ၃ သန်းခန့် ဆုံးရှုံးခဲ့သည်။ ၂၀၂၂ ခုနှစ်ကလည်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဟက်တာ ၆ ဒသမ ၆ သန်းခန့်ဆုံးရှုံးခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ကနေဒါတစ်နိုင်ငံတည်းတွင် တောမီးလောင်ကျွမ်းမှုဟက်တာ ၉ ဒသမ ၃ သန်းခန့် စံချိန်တင်မြင့်တက်ခဲ့သည်။ သမိုင်းတစ်လျှောက်တွင် အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံသည် တောမီးလောင်ကျွမ်းမှုအကြိမ်ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း အပူချိန်စံချိန်တင် မြင့်တက်ခဲ့သောကြောင့် ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှုများစွာဖြစ်ပွားခဲ့သည်။

**ကမ္ဘာ့အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုများ**

ကမ္ဘာတစ်ဝန်း တောမီးလောင်ကျွမ်းမှုများ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရာ သစ်တောဧက၊ အဆောက်အအုံများ၊ လူနှင့်တိရစ္ဆာန်များ များစွာသေကျေထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကမ္ဘာ့တောမီးလောင်ကျွမ်းမှုအကြီးမားဆုံးဖြစ်စဉ် ၁၂ ကြိမ်ရှိခဲ့ပြီး ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်-

**(၁) ၂၀၀၃ ခုနှစ် ရုရှားနိုင်ငံ အရှေ့ဆိုက်ဘေးရီးယားဒေသ Taiga တောမီး**

၎င်းတောမီးလောင်ကျွမ်းမှုတွင် သစ်တောဧက ၅၅ သန်းကျော်ဆုံးရှုံးခဲ့သည်။ ၎င်းတောမီးသည် ဆိုက်ဘေးရီးယားဒေသတစ်ဝန်း၊ ရုရှားအရှေ့ပိုင်းဒေသ၊ တရုတ်နိုင်ငံမြောက်ပိုင်းနှင့် မွန်ဂိုလီးယားနိုင်ငံ မြောက်ပိုင်းဒေသတို့သို့ ပျံ့နှံ့လောင်ကျွမ်းသွားခဲ့သည်။ တောမီးလောင်ကျွမ်းရာမှထွက်ပေါ်လာသော မီးခိုးများသည် ဂျပန်နိုင်ငံ ကျိုတိုမြို့ထိ ရောက်ရှိခဲ့သည်။ ၎င်းမီးခိုးများသည် အိုဇုန်းလွှာပါးလွှာမှုကို ဖြစ်ပေါ်စေလျက်ရှိသည်။

**(၂) ၂၀၂၀ပြည့်နှစ် သြစတြေးလျတောမီး**

၎င်းတောမီးသည် သြစတြေးလျနိုင်ငံ New South Wales နှင့် Queenslandတို့တွင် ဧက ၄၂ သန်းကျော်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံထောင်ပေါင်းများစွာ၊ လူဒါဇင်ပေါင်းများစွာနှင့် တိရစ္ဆာန်သုံးဘီလီယံကျော် သေကျေထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။ သြစတြေးလျနိုင်ငံသည် ၂၀၁၉ ခုနှစ်နှောင်းပိုင်း ၂၀၂၀ ပြည့်နှစ် အစောပိုင်းကာလများတွင် သမိုင်းတစ်လျှောက် အပူချိန်စံချိန်တင်မြင့်တက်ခဲ့သောကြောင့် တောရိုင်းတိရစ္ဆာန်များစွာ သေကျေပျက်စီးခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း သြစတြေးလျ၏အပူချိန်သည် ၁ ဒသမ ၅၂ ဒီဂရီဆဲစီယပ်စံချိန်တင် မြင့်တက်ခဲ့သည်။

**(၃) ၂၀၁၄ ခုနှစ် ကနေဒါနိုင်ငံ အနောက်မြောက်ပိုင်းတောမီး**

၎င်းတောမီးသည် ကနေဒါအနောက်မြောက်ပိုင်းရှိ နေရာ ၁၅၀ ကျော်တွင် ပျံ့နှံ့လောင်ကျွမ်းခဲ့ရာ ဧရိယာ ၄၄၂ စတုရန်းမိုင်ခန့်ရှိခဲ့သည်။ မီးခိုးငွေ့များသည် ကနေဒါတစ်နိုင်ငံလုံး လွှမ်းခြုံသွားသည့်အပြင် အမေရိကန်နိုင်ငံထိရောက်ရှိခဲ့သည်။ သစ်တောဧက ၈ ဒသမ ၅ သန်းမှာ လုံးဝပျက်စီးသွားခဲ့သည်။ တောမီးလောင်ကျွမ်းမှု ငြိမ်းသတ်မှုအတွက် ကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၄ သန်းရှိခဲ့သည်။

**(၄) ၂၀၀၄ ခုနှစ် အမေရိကန်နိုင်ငံ အလက်စကားတောမီး**

၂၀၀၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ အလက်စကားပြည်နယ်ရှိနေရာ ၇၀၁ ခု၌ တောမီးလောင်ကျွမ်းခဲ့ရာ ဧက ၆ ဒသမ ၆ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။

**(၅) ၁၉၃၉ ခုနှစ် Black Friday တောမီး**

၎င်းတောမီးသည် သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ ဧက ၄.၉ သန်းကျော်လောင်ကျွမ်းခဲ့သည်။ တောမီးလောင်ကျွမ်းမှုကြောင့် လူ ၁၀၇ ဦးနှင့် တိရစ္ဆာန်များစွာသေဆုံးခဲ့ပြီး အိမ်ခြေ ၇၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်။ မီးခိုးပြာများသည် နယူးဇီလန်နိုင်ငံထိ ပျံ့နှံ့ရောက်ရှိခဲ့သည်။

**(၆) ၁၉၁၉ ခုနှစ် ကနေဒါ Great Fire**

၎င်းတောမီးသည် လွန်ခဲ့သော ရာစုနှစ်ကျော်က လောင်ကျွမ်းခဲ့သော်လည်း သမိုင်းတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးတောမီးအဖြစ် သတိရလျက်ရှိသည်။ ၎င်းတောမီးသည် မေလအစောပိုင်းတွင် ကနေဒါနိုင်ငံရှိ ပြည်နယ်အတော်များများ၌ ဧက ၄.၉ သန်းကျော်ကို လောင်ကျွမ်းပျက်စီးစေခဲ့သည်။ အဆောက်အအုံများစွာ ပျက်စီးခဲ့ပြီး လူ ၁၁ ဦး သေဆုံးခဲ့သည်။

**(၇) ၁၉၅၀ ပြည့်နှစ် Chinchaga တောမီး**

၎င်းတောမီးသည် ၁၉၅၀ ပြည့်နှစ် အစောပိုင်းကာလတွင် ကနေဒါနိုင်ငံ မြောက်ပိုင်းဗြိတိသျှကိုလံဘီယာနှင့် အယ်ဘတ်တာတို့၌ စတင်လောင်ကျွမ်းခဲ့သည်။ ၎င်းတောမီးသည် မြောက်အမေရိကတွင် အကြီးမားဆုံးလောင်ကျွမ်းမှုဖြစ်ခဲ့ပြီး ဧက ၄ ဒသမ ၂ သန်းခန့် လောင်ကျွမ်းခဲ့သည်။ ထိုစဉ်က ရက်သတ္တတစ်ပတ်ခန့် မီးခိုးငွေ့များ ဖုံးလွှမ်းနေခဲ့သဖြင့် နေရောင်ကိုပင် မမြင်ခဲ့ရပေ။

**(၈) ၂၀၁၀ ပြည့်နှစ် ဘိုလီဗီးယားတောမီး**

၂၀၁၀ ပြည့်နှစ် ဩဂုတ်လတွင် ဘိုလီဗီးယားနိုင်ငံနေရာ ၂၅၀၀၀ ကျော်၌ တောမီးလောင်ကျွမ်းခဲ့သဖြင့် ဧက ၃ ဒသမ ၇ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့သည်။ မီးခိုးငွေ့များကြောင့် လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းခဲ့ရသဖြင့် အရေးပေါ်အခြေအနေကြေညာခဲ့ရသည်။

**(၉) ၁၉၁၀ ပြည့်နှစ် အမေရိကန် ကော့နက်တီကတ် Great Fire**

၎င်းတောမီးသည် ကော့နက်တီကတ်တွင် ဧကသုံးသန်းကျော်ပျက်စီးခဲ့ပြီး လူ ၈၅ ဦးသေဆုံးခဲ့သည်။ အမေရိကန်သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးတောမီးများအနက်မှတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ကြောင့် အစိုးရသည် သစ်တောကာကွယ်စောင့်ရှောက်ရေးမူဝါဒများကို ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ရသည်။

**(၁၀) ၁၉၈၇ ခုနှစ် Black Dragon တောမီး**

၎င်းတောမီးသည် တရုတ်နိုင်ငံတွင် ဧက ၂ ဒသမ ၅ သန်းခန့် လောင်ကျွမ်းခဲ့ရာ လူ ၁၉၁ ဦးသေဆုံးခဲ့ပြီး ဦးရေ ၂၅၀ ကျော်ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် လူဦးရေ ၃၃၀၀၀ ကျော်သည် အိမ်ခြေရာမဲ့ဖြစ်ခဲ့သည်။

**(၁၁) ၂၀၁၁ ခုနှစ် Richardson Backcountry တောမီး**

၎င်းတောမီးသည် ၂၀၁၁ ခုနှစ် မေလတွင် ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်၌လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ ၎င်းတောမီးကြောင့် သစ်တော ဧက ၁ ဒသမ ၇ သန်းခန့်လောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့သည်။

**(၁၂) ၁၉၈၉ ခုနှစ် Manitoba တောမီး**

၁၉၈၉ ခုနှစ် မေလနှင့် ဩဂုတ်လအတွင်း ကနေဒါနိုင်ငံ မန်နီတိုဘာ၌ တောမီးလောင်ကျွမ်းမှု ၁၁၄၇ ကြိမ်ထိဖြစ်ပွားခဲ့ရာ ဧက ၁ ဒသမ ၃ သန်းခန့် လောင်ကျွမ်းခဲ့သည်။ နေရာ ၃၂ နေရာမှ လူဦးရေ ၂၄၅၀၀ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရသည်။ အထွေထွေကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၅၂ သန်းရှိခဲ့သည်။

❖ နွေရာသီတွင် တောမီးလောင်ကျွမ်းမှု ကာကွယ်နိုင်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ထားခြင်း၊ ခြောက်သွေ့သည့်နေရာများတွင် မီးစွဲနေသောဆေးလိပ်တိုများ စည်းမဲ့ကမ်းမဲ့ပစ်သည့်လုပ်ရပ်မျိုးကို ရှောင်ရှားခြင်း၊ မြက်ခြောက်များ၊ အမှိုက်များမီးရှို့မှုကို ရှောင်ရှားခြင်း၊ မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားခြင်း၊ တောမီးရှို့သူများကို ပြင်းထန်စွာအရေးယူခြင်း၊ ပညာပေးခြင်း စသည့်ကြိုတင်တားဆီးမှုများ လုပ်ဆောင်သွားရန်လိုအပ်ပေသည်။ လူတစ်ဦးချင်းစီအနေဖြင့်လည်း မီးအသိ၊ မီးသတိ ရှိသင့်ပေသည်။ ❖

**နွေရာသီနှင့် တောမီးအန္တရာယ်**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် တောမီးလောင်ကျွမ်းမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများအနက်မှ တစ်ခုပင်ဖြစ်သည်။ လက်ရှိအချိန်တွင် အလွန်အမင်းပူပြင်းမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကထက် ငါးဆကျော်မြင့်တက်လာလျက်ရှိပြီး ကမ္ဘာကြီးပူနွေးမှုသည် ဆက်တိုက်မြင့်တက်လျက်ရှိသည်။ ပူပြင်းသောအပူချိန်ကြောင့် သဘာဝပတ်ဝန်းကျင်ခြောက်သွေ့လာပြီး တောမီးလောင်ကျွမ်းမှုပိုမိုဖြစ်ပွားစေလျက်ရှိသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်ကတည်းက တောမီးလောင်ကျွမ်းမှုများကြောင့် နှစ်စဉ် သစ်တောဖုံးလွှမ်းမှုဧရိယာများစွာဆုံးရှုံးလျက်ရှိသည်။

အယ်နီညိုဖြစ်စဉ်များကြောင့် ပူပြင်းခြောက်သွေ့မှုပိုမိုဖြစ်ပေါ်ကာ တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင်ဖြစ်ပေါ်ခဲ့သော အယ်နီညိုဖြစ်စဉ်သည် မတ်လအတွင်း အင်အားအသင့်အတင့်ရှိသောအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ကြောင်း နိုင်ငံတကာမိုးလေဝသဌာနက ထုတ်ပြန်ထားသည်။ ထို့ပြင် အပူလှိုင်းကျရောက်မှုများနှင့် ပူပြင်းခြောက်သွေ့မှုများသည် တောမီးလောင်ကျွမ်းမှု ပိုမိုဖြစ်ပွားစေနိုင်သည်။

တောမီးလောင်ကျွမ်းမှုများကြောင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် အမှုန်အမွှားများပျံ့နှံ့စေသဖြင့် ကောင်းကင်ပြင်သည် မြူခိုးအမှုန်အမွှားများဖြင့်လွှမ်းမိုးပြီး လေထုအရည်အသွေးကျဆင်းကာ လေထုညစ်ညမ်းမှုကြောင့် သက်ရှိသတ္တဝါများ၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည်။

နွေရာသီတွင် တောမီးလောင်ကျွမ်းမှုကာကွယ်နိုင်ရေးအတွက် မီးတားလမ်းများဖောက်လုပ်ထားခြင်း၊ ခြောက်သွေ့သည့်နေရာများတွင် မီးစွဲနေသောဆေးလိပ်တိုများ စည်းမဲ့ကမ်းမဲ့ပစ်သည့်လုပ်ရပ်မျိုးကို ရှောင်ရှားခြင်း၊ မြက်ခြောက်များ၊ အမှိုက်များမီးရှို့မှုကိုရှောင်ရှားခြင်း၊ မီးဘေးအန္တရာယ်သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားခြင်း၊ တောမီးရှို့သူများကို ပြင်းထန်စွာအရေးယူခြင်း၊ ပညာပေးခြင်း စသည့်ကြိုတင်တားဆီးမှုများ လုပ်ဆောင်သွားရန်လိုအပ်ပေသည်။ လူတစ်ဦးချင်းစီအနေဖြင့်လည်း မီးအသိ၊ မီးသတိ ရှိသင့်ပေသည်။

မြန်မာနိုင်ငံတွင် မိုးအကုန်၊ ဆောင်းအကူးအချိန်တွင် ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မကြာခဏကြုံတွေ့ရသည်။ ထို့ကြောင့် နွေရာသီတွင် တောမီးလောင်ကျွမ်းမှုအပါအဝင် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်သည်။

တောမီးလောင်ကျွမ်းမှုကာကွယ်ခြင်းသည် လေထုအရည်အသွေးသန့်စင်စေခြင်း၊ ဂေဟစနစ်ထိန်းသိမ်းထားနိုင်ခြင်း၊ အရင်းအမြစ်များကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိစေနိုင်သည်။ ထို့ပြင် သစ်တောသစ်ပင်များကို ထိန်းသိမ်းကာကွယ်နိုင်ခြင်းအားဖြင့် ကမ္ဘာကြီးပူနွေးလာမှုကိုလျော့ချစေနိုင်မည့်အပြင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကိုလည်း လျော့ချနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူနှင့်တိရစ္ဆာန်များ ကျန်းမာသက်ရှည်စွာမှီတင်းနေထိုင်နိုင်ရေးအတွက် နွေရာသီတွင်ဖြစ်ပွားတတ်သည့် တောမီးအန္တရာယ်ကို အထူးဂရုပြုသွားစေလိုပါသည်။

**ကိုးကား**


(၁) Top 12 Largest Wildfires in History | Earth.Org

(၂) New Data Confirms: Forest Fires Are Getting Worse | World Resources Institute (wri.org)

## ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# စည်းကမ်းသည် တန်ဖိုး

မင်္ဂလာပါ သားသားမီးမီးတို့ရေ ။ ဦးဦး ဒီတစ်ပတ် ပြောပြမဲ့ပုံပြင်လေးကတော့"စည်းကမ်းသည် တန်ဖိုး" လို့ အမည်ရတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ မချစ်စုဆိုတဲ့ မိန်းကလေးရှိတယ်ကွယ်။ မချစ်စုလေးဟာ အလွန် ဆင်းရဲသတဲ့။ ဆင်းရဲပေမဲ့ ကျောင်းကိုတော့ တက်ဖြစ်အောင်တက်သတဲ့။ မချစ်စုမှာ အသက်အရွယ်ကြီးတဲ့ မိခင်လဲရှိတယ်ကွယ်။ မချစ်စုဟာ မနက်ဆိုရင် စောစောထပြီး မိခင်နဲ့ အကြော်ကူကြော်ရတယ်။ အကြော်ကြော်ပြီးရင် ဗန်းထဲကိုအကြော်တွေထည့်ပြီး ရွာနီးချုပ်စပ်မှာ မချစ်စုလေး လိုက်ရောင်းရတယ်။ အကြော်ရောင်းပြီးမှ အိမ်ကိုအမြန်ပြန် ကျောင်းလွယ်အိတ်ကိုလွယ်ပြီး ကျောင်းတက်ရသတဲ့။

ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ၊ ဆရာမတွေက မချစ်စုလေးရဲ့အကြောင်းကိုသိတော့ အားလုံးနားလည်ပေးသတဲ့။ နေ့လယ်ထမင်းစားကျောင်းဆင်းရင် မချစ်စုလေးမှာ မကာစားဘဲ စာတွေကိုကျက်မှတ်သတဲ့။ နားမလည်တဲ့စာတွေကို ဆရာ၊ ဆရာမတွေဆီသွားပြီး မေးမြန်းသတဲ့ကွယ်။ ညနေကျောင်းဆင်းချိန်ရောက်တော့ မချစ်စုလေးမှာ စာမကျက်ရဘဲ မနက်ကရောင်းတဲ့အကြော်ဖိုးတွေကို လိုက်တောင်းရသတဲ့။ မိုးချုပ်မှ အိမ်ကိုပြန်လာပြီး ရေမိုးချိုး၊ ထမင်းစားပြီးမှ စာကျက်ရသတဲ့။ မချစ်စုလေးဟာ သူ့အချိန်တွေကို စည်းကမ်းရှိရှိအသုံးချနေထိုင်တယ်ကွယ်။ မချစ်စုလေး ဘယ်လောက်ပဲစာကြိုးစားကြိုးစား အတန်းထဲမှာတော့ အဆင့် တစ်၊ နှစ်၊ သုံး မရဘူးသတဲ့။ ဘာသာရပ်တိုင်းကို ချောချောမွေ့မွေ့ပဲ အောင်မြင်တာပေါ့။ မချစ်စုလေး ဘာကြောင့်ဆုမရသလဲဆိုရင် မချစ်စုလေးဟာ တခြားကလေးတွေလို စာကောင်းကောင်းလုပ်ဖို့ အချိန်မပေးနိုင်တဲ့အတွက်ကြောင့်ပေါ့ကွယ်။

တစ်နေ့မှာတော့ မချစ်စုလေးတို့အတန်းထဲမှာ ထူးခြားမှုတစ်ခုဖြစ်ခဲ့တယ်ကွယ်။ အဲဒါကတော့ အဆင့် တစ်၊ နှစ်၊ သုံးရတဲ့ကလေးတွေမှာ ဖုန်းကိုယ်စီပါလာသတဲ့။ မိဘတွေကလဲ အပြိုင်အဆိုင် သားသမီးတွေကို ဖုန်းဝယ်ပေးသတဲ့။ ဒါကြောင့် ကလေးတွေဟာ အားလပ်ချိန်တိုင်း ဖုန်းပဲသုံးနေသတဲ့။ ဂိမ်းတွေလဲ ကစားတာပေါ့ ။ မချစ်စုလေးကိုလဲ သူငယ်ချင်းတွေက ဖုန်းပေးပြီးဂိမ်းကစားစေသတဲ့။ သူငယ်ချင်းတွေ ဖုန်းပေးပေမဲ့ မချစ်စုလေးဟာဂိမ်းမကစားဘဲ ပုံမှန်အတိုင်းစာပဲကျက်နေသတဲ့။ မချစ်စုလေးဟာ စာကျက်ချိန်ကျက်၊ အလုပ်လုပ်ရတဲ့အချိန် ပုံမှန်လုပ်တယ်ကွယ်။



မချစ်စုလေးဟာ သူငယ်ချင်းတွေကို ဖုန်းမသုံးဘဲ စာကြည့်ဖို့ပြောတဲ့အခါ သူငယ်ချင်းတွေက-

"ဒီမှာ ချစ်စု ငါတို့ကချမ်းသာတဲ့သူတွေ။ ငါတို့တွေ ဖုန်းကိုင်တာမနာလိုလို့ ငါတို့ကိုစာကြည့်ခိုင်းတာလား"လို့ မချစ်စုလေးရဲ့စေတနာကို နားမလည်ဘဲ လှောင်ပြောင်ပြောသတဲ့ကွယ်။ မချစ်စုလေးကတော့ အပြုံးမပျက်ဘဲ ကိုယ်စာကျက်ချိန်၊ အလုပ်လုပ်ချိန်ကို စည်းကမ်းရှိရှိ အသုံးချတာပေါ့ကွယ်။

မချစ်စုလေးတို့ လပတ်စာမေးပွဲဖြေတဲ့အခါ မချစ်စုလေးဟာ ဘာသာရပ်အားလုံးကို ကောင်းကောင်းမွန်မွန်ဖြေနိုင်သတဲ့။ အဖြေထွက်လာတဲ့အခါ မချစ်စုလေးဟာ အတန်းထဲမှာ တစ်ခါမှမရဘူးတဲ့ အဆင့်တစ်ရသတဲ့။ မချစ်စုလေးဟာ အလွန်ပျော်သလို ကိုယ့်ကိုယ်ကိုယ်လဲ အလွန်အံ့ဩသွားသတဲ့။ တခြားကလေးတွေဟာလဲ မချစ်စုလေး အဆင့်တစ်ရတာကို စာတွေကိုခိုးချလို့ အဆင့်တစ်ရကြောင်း စွပ်စွဲသတဲ့။ မနာလိုမုန်းတီးတာတွေလဲဖြစ်လာတာပေါ့။ မိဘတွေကလဲ ကိုယ့်သားသမီးတွေအဆင့်ကျလို့ ကျောင်းအုပ်ဆရာကြီးကို အမှတ်ပေးတာတွေမှားတာလား၊ မေးခွန်းတွေမှားတာလားမေးသတဲ့။ ဒါကြောင့် ကျောင်းအုပ်ဆရာကြီးဟာ မချစ်စုလေး ဆုရတဲ့အဓိကအကြောင်းရင်းကိုထုတ်ဖော်ပြောဖို့ ကျောင်းသားမိဘတွေကို အစည်းအဝေးခေါ် လိုက်သတဲ့။

"ဒီနေ့ခေါ် လိုက်ရတဲ့အစည်းအဝေးက မချစ်စုလေး ဘာကြောင့်ဆုရသလဲဆိုတာ ပြောဖို့ပဲ" ကျောင်းသားမိဘအားလုံးဟာ မချစ်စုလေးဆုရတဲ့အကြောင်းရင်းကို စိတ်ဝင်တစားနားထောင်နေကြသတဲ့။ ကျောင်းအုပ်ဆရာကြီးက ဆက်ပြောတယ်-

"မချစ်စုလေး ဆုရတဲ့အဓိကအကြောင်းရင်းဟာ စည်းကမ်းရှိလို့ ပြောရမှာပဲ။ မချစ်စုဟာ စာခိုးချတာလုံးဝမဟုတ်ပါဘူး။ မချစ်စုလေးဟာ အချိန်ကို စည်းကမ်းတကျသုံးတယ်။ စာကြည့်ချိန်စာကြည့်တယ်၊ အလုပ်လုပ်ချိန်အလုပ်လုပ်တယ်။ စာနားမလည်ရင် ဒီအတိုင်းမနေဘဲ သတ္တိရှိရှိ ဆရာ၊ ဆရာမတွေကို လာမေးတယ်။ ဒီအကြောင်းအရာတွေဟာ မချစ်စုလေးဆုရတဲ့အကြောင်းရင်းတွေပဲ" လို့ ပြောသတဲ့။ ကျောင်းသားမိဘတွေဟာ ကျောင်းအုပ်ဆရာကြီးကို စကားတစ်ခွန်းမှ ပြန်မပြောတော့ဘူးကွယ်။ ကျောင်းအုပ်ဆရာကြီးပြောတာလဲ လက်တွေ့မှန်နေတာပေါ့။ ဒါ့ပြင် ကျောင်းအုပ်ဆရာကြီးက စကားဆက်ပြောတယ်ကွယ်-

"မိဘတွေက ကလေးတွေကို အလိုမလိုက်ကြပါနဲ့။ ဖုန်းတွေပေးမကိုင်စေဖို့ ကျွန်တော်ဒီနေရာကနေ မေတ္တာရပ်ခံပါတယ်။ ကလေးတွေဟာ ဖုန်းရှိတော့ ဂိမ်းတွေကစားပြီး စာဘက်မှာ အားလျော့သွားတယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ ကိုယ့်သားသမီးကို စည်းကမ်းရှိရှိနေထိုင်တတ်အောင် ဆုံးမသွန်သင်ပါလို့ ပြောချင်ပါတယ်" လို့ ကလေးတွေ စာဘက်အားနည်းရတဲ့အကြောင်းကို ကျောင်းအုပ်ဆရာကြီးက ပြောပြသတဲ့။ ကျောင်းသားမိဘတွေကလဲ ကျောင်းအုပ်ဆရာကြီးရဲ့စကားကို နားလည်သဘောပေါက်ပြီး မချစ်စုလေးကိုအတုယူကာ စာကြိုးစားကြဖို့ ကိုယ့်သားသမီးတွေကို ဆုံးမသွန်သင်ကြသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲ သားသားမီးမီးတို့ရေ။ "စည်းကမ်းသည် တန်ဖိုး" ဆိုတဲ့ ပုံပြင်ထဲကလို မချစ်စုလေးကိုအတုယူပြီး သားတို့၊ သမီးတို့လဲ ကျောင်းစာတွေကို စည်းကမ်းတကျလေ့လာကြပါလို့ တိုက်တွန်းလိုက်ရပါတယ်ကွယ်။

**မောင်ပုည(ဟသ်ာတမြေ)**

# ရေချမ်းစင်



♦ နွေဦးကာလ ရောက်လို့လာ
ရေချမ်းစင် တည်ပါ ။

♦ အရိပ်ကောင်းရာ တည်ဆောက်ကြ
ရေချမ်းစင် လှပ ။

♦ စိုစွတ်အေးမြ ရေချမ်းစင်
ကုသိုလ် နေ့စဉ်ဝင် ။

♦ သောက်သုံးကြလျှင် စိတ်ကြည်နူး
ဝမ်းသာ ပီတိကူး ။

♦ ဆယ်ပါးကျိုးထူး ရစေမှန်
ရေချမ်းစင်တည်ရန် ။

♦ မေတ္တာရောင်ပြန် အေးချမ်းအမှု
လူနတ်ခေါ် သာဓု ၊
မြတ်သော ကုသိုလ်ပြု ။ ။


**ဖြိုးထက်(ရေစကြို)**

# ဖိုးလမင်းနှင့်နေမင်း

♦ ဖိုးလမင်းကြီး ထိန်ထိန်သာ
ညရဲ့ ကောင်းကင်မှာ ။
စန္ဒာသော်တာ ငွေလမင်း
အမည် လှပခြင်း ။

♦ နံနက်မိုးလင်း နေမင်းရောင်
ဝိုင်းစက် ခွင်းအမှောင် ။
ထွန်းလင်းလျက်ပြောင် ဖြည်းဖြည်းတက်
အနောက်ဘက်သို့ ဆက် ။

♦ ညဘက်လင်းလျက် ဖြူဖွေးလာ
အေးမြ အချင်းသာ ။
မြင်သူများမှာ ကြည်နူးကြ
ဖိုးရွှေလမင်း အလှ ။ ။



**မောင်အောင်ဝေ(ညောင်ခြေထောက်)**

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** — ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** — ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** — တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** — စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** — ပဉ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** — ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** — ဒုတိယဆု
ဇာမဏီ

၃။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** — စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နံ့နစ်မခံ** — ပဉ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** — ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** — ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရှေ့သို့ချီအံ့** — တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ပည်းမော်ကွန်း** — စတုတ္ထဆု
အောင်နိုင်သူ(ဇွဲကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာမြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** — ပဉ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** — အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** — အထူးဆု(၂)
ညွန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** — အထူးဆု(၃)
ဟန်ညွန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** — ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** — ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** — တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဒြပ်မြင့်မြတ်ထင်ပေါ်တပ်မတော်** — စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** — ပဉ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** — အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** — အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** — အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** — ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** — ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွှေးပြီလေ** — တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** — စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** — ပဉ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** — အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** — အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** — အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** — ပထမဆု
ခန့်ပိုင်

၂။ **မနွမ်းသောပန်း မခန်းသောရေ** — ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** — တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** — စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသချေ** — ပဉ္စမဆု
အမေ့သား(နတ်မောက်)

၆။ **နိုင်ကြည်သောသစ္စာဖြင့်** — အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** — အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** — အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)၊

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧက စိုက်ပျိုးပြီးစီး



**မြောင်းမြ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၈၁၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ ဒီနှစ်နွေစပါး စိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီ အချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ပို့ချပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့နွေစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကို စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိမှာတော့ နွေစပါးတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါပြီ။ အထွက်နှုန်းနဲ့ စပါးအရည်အသွေးပြည့်မီဖို့အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် နွေစပါး ၁၂၈၁၀၆ ဧကကို ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသရေမြေနှင့် ရာသီဥတုအတွက် အဓိကထား စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အထွက်နှုန်းကောင်းတဲ့စပါးတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်။ ဆင်းသုခနဲ့ သီးထပ်ရင်စပါးအမျိုးအစားတွေကို စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးရာသီမှာ ရာသီဥတုကလဲ ကောင်းမွန်လို့ အခက်အခဲမရှိစိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ဝါးခယ်မမြို့နယ်မှ တောင်သူ ဦးအုန်းထွေးက ပြောပြသည်။

**ကျော်ကျော်လင်း**

❖ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်း ဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာဖြစ်ပါတယ်။ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီ စိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ဥပဒေကို လေးစားတန်ဖိုး ထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ် လာစေရေးပဲဖြစ်ပါတယ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်နှစ်မှစတင်၍ ထုတ်လုပ်မှုအထောက်အကူပြုသုတေသနများကို ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မတ် ၉**

ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန် ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးခြင်းနှင့် တစ်ဧကချင်း၏ ဆီထုတ်လုပ်နိုင်မှု မြင့်မားတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော မျိုးမြှင့်တင်ခြင်းကို ပညာရှင်များနှင့် သုတေသီများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာနက ဦးဆောင်၍ ဆရာ၊ ဆရာမများ၊ ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများက ဆင်းရွှေကြာ(၂) နေကြာမျိုးအား မျိုးမြှင့်တင်ခြင်းကို ယနေ့နံနက်ပိုင်းက စတင်ဆောင်ရွက်လျက်ရှိသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ လက်တွေ့လေ့လာမှုအထောက်အကူပြုစိုက်ကွင်းတွင် စိုက်ပျိုးထားရှိသောဆင်းရွှေကြာ(၂)နေကြာမျိုးကို မျိုးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရာသို့

**စာမျက်နှာ ၂၁ ကော်လံ ၄ ☆**

**ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၉၉၆ ဦး လာရောက်လည်ပတ်ခဲ့**

စာမျက်နှာ - ၃

**ရောဝတီမြစ် ရေလမ်းကြောင်း မြင်းမူမြို့နှင့် မြင်းခြံမြို့အနီးတွင် ရေကြောင်းကျပ်တည်းမှုဖြစ်ပေါ်နေ၍ ရေယာဉ်များ သတိပြုသွားလာရန်လိုဟုဆို**

စာမျက်နှာ - ၂

**ကလေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စိတ်ပျော်ရွှင်ကြည်နူး ချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေ**

စာမျက်နှာ - ၂၀

**နွေရာသီနှင့် တောမီးအန္တရာယ်**

ဆောင်းပါး

စာမျက်နှာ - ၂၈

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
SIN MINN
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ